ဗုဒ္ဓဂေါဂ်ာင်းပျော်

ဟာသဂုဏ်သမိုဝ်ဏ္ဍုယျား

ဓာတ်ဆောင်ဇွန်း | သုဇေသနု |

ဒုတိယအကြိမ်

ရွှေကျောင်းပျော်

ဟာသရသပုံဝတ္ထုများ

[၂]

တင်အောင်ထွန်း

[သုတေသန]

ရွှေကျောင်းပျော်စာစဉ်

ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး။
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး။
* အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး။

ရွှေကျောင်းပျော် ဟာသရသပုံဝတ္ထုများ (၂)

စာမူခွင့်ပြုချက်အမှတ် ၃၂၀၃၂၃၀၅၀၅

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၂၀၃၉၅၀၅၀၃

ဒုတိယအကြိမ်ပုံနှိပ်ခြင်း

၂၀၁၃-ခုနှစ်၊ စောင်ရေ ၁၀၀၀

တန်ဖိုး - ၅၀၀ -ကျပ်

ထုတ်ဝေသူ

ဒေါက်တာဌေးဌေးဝင်း (ယာယီ-စ၀၇)

စ၅၊အနော်မာအရှေ့ ၁ လမ်း၊ သာကေတ၊ရန်ကုန်မြို့။

အဖုံးအတွင်း ပုံနှိပ်သူ

ဦးဝင့်ဗိုလ်ဗိုလ်(စ၇၁၆)

နန်းသဇင်ပုံနှိပ်တိုက်၊ ၁၉၄၊ ၃၉-လမ်း၊ ကျောက်တံတား၊ ရန်ကုန်မြို့။

ဖြန့်ချိရေး

ရွှေကျောင်းပျော်စာပေ

စ၅၊ အနော်မာအရှေ့ ၁ လမ်း၊ သာကေတ၊ ရန်ကုန်မြို့။

ကျစ္စာသယ စာအုပ်ဆိုင်၊ ဖုန်း - ၀၉ ၇၃၀ ၂၀၆၂၇

သစ္စာမဏ္ဍိုင်စာအုပ်ဆိုင်၊ ဖုန်း - ၀၉ ၅၁ ၂၅၂၈၅

ရွှေတိဂုံဘုရားတောင်ဖက်မုခ်စျေးတော်ရုံ

ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ရွှေကျောင်းပျော်ဟာသရသပုံဝတ္ထု (၂)

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
ပရိယတ္တိစာသင်တိုက်	[ဂ]
ပျင်းသူအားကိုး	၁
စာဖြိုးကောင်းသောကိုရင်	၃
ဦးပဉ္စင်းကိုရင်	၅
ကာကောမသိ ဓကော်ရှိ	၇
ထူးဆန်းသော မုန့်နာမည်	၉
သီလရှိသူ	၁၂
လိုက်တော သတိ ရက်တော ဟောတိ	၁၇
ပါဠိကောလိပ်ဂျင်	၁၉
သောတုဇနနှင့် ဆွမ်းခံဝတ်	၂၂
အရင်းအတိုင်း ပေးရသူ	၂၆
ဟိုဒင်း ဟိုဥစ္စာ	၂၈
ကာရန်အချီ ဘယ်သို့ညီ	၃၀
လိုက်လေ ပြေးလေ ဝေးလေ	၃၃
ကိုရင်ကြီး ပုတီးစိပ်	၃၈
အတိုင်နှင့် အဖောက်	၄၄
ဂါထာတစ်ချက် ပါဌ်အနက်	၄၆
ဦးသူတော့် ပါဠိစာ	၄၈
တွံ့နှင့် တွန်	၅၂

အကြောင်းအရာ	စာမျက်နှာ
မွတ်ကရော	၅၆
ထိုးထွင်းဉာဏ်ရှင်	၆၀
ထန်းကြွေ ကျီးနင်း	၆၃
သ, သက်သလား	၆၆
တစ်လစ်နှင့် တန်းလန်း	၆၉
ရေလဲမေတ္တာ	၇၁
စာချီးဝါသနာ	၇၅
နာရီပျက်လျှင် ပြင်ထားပါ	၇၇
ပုဒ်ဖြတ်တတ်လျှင် ဉာဏ်ကြီးရှင်	၈၂
သ-ဝါကျ	၈၆
နောက်တီးနောက်တောက် လက်သမားဆရာ	၈၇
ပြုတ်ကျောင်းနှင့် ပုဒ္ဓိုင်း	၉
လျှာလိပ်ကောင်းသူ	၉၁
ဗမောက်တရာ ရေစက်ချ	၉၅
ရုပ်တွက်မလွဲ မြည်သံစွဲ	၁၀၂
လုံ့ကိုင် ခွေးခေါ်နည်း	၁၀၉
အင်တာနေရှင်နယ် ဘာသာစကား	၁၁၃
စီဝရုံ ဘူမိ ဒရွတ် ဒရွတ်	၁၁၆

ပရိယတ္တိစာသင်တိုက်

၊ သို့မဟုတ် ၊

ဗုဒ္ဓသာသနာ စဉ်ဆက်ညီထွန်း ပျော်မွေ့သူများ

ရွာဦးကျောင်း ဆရာတော်က မြို့စာသင်တိုက်သို့ ပို့အပ်မည် ဆို၍ ကိုရင်မှာ အတိုင်းမသိ ပျော်ရွှင်နေ၏။ ကိုရင်၏ ရမ်းဆ အတွေးထဲ၌ ဝန်းကျင်သစ် မြို့ပြ အာရုံခံစားမှုများ ရောယှက်လျက် သစ်လွင်တက်ကြွနေ၏။

မနက် မြို့စာသင်တိုက်သို့ သွားရမည့်ညက ကိုရင် တစ်ညလုံး အိပ်၍ပင် မပျော်ခဲ့။

ဝါတွင်းကာလ အလုပ်အကိုင် ရှားပါးချိန် ရွာဦးကျောင်း၌ ဝါဆိုကိုရင်များ စည်ကားပါ၏။ သို့သော် ဝါလ ကင်းလွတ် သီတင်း ကျွတ်၍ ပဝါရဏာပွဲပြီးသည်နှင့် အလျှိုအလျှိ 'ကိုရင်ထူထွက် ငပိချက်' ကြရာ အမြဲဝတ် ရှင်သာမဏေ ရှားပါးလှ၏။ တစ်ပါးစ နှစ်ပါးစ ရှိတတ်သည်တွင် အနှီကိုရင်မှာ ဆရာတော်၏ ဝတ်ကြီး ဝတ်ငယ် လိမ္မာကျွမ်းကျင်သူ ဖြစ်နေပြီး ဆရာတော်၏ လက်ကသုံး တောင်ဝှေး ဖြစ်နေတတ်၏။

[ယ] ❀ *ပရိယတ္တိစာသင်တိုက်*

ရွာဦးကျောင်း ဆရာတော်သည် အချိန်တန်သော် ထိုကိုရင်အား လက်မလွှတ်ချင်ဘဲနှင့် လက်လွှတ်ရရှာ၏။ 'ကျောင်းဆွေးဆွေး လူဆွေးဆွေး ဒီကျောင်းမှာချည်း နေနေလို့ ဘယ်ပညာတတ်မှာလဲ ကိုရင်' ဟု တစ်ခွန်းသာ ညည်းညူပြီး ဆရာသမားကိုယ်တိုင် မြို့စာသင်တိုက်သို့ လိုက်ပါပို့အပ်ရှာ၏။ မိဘနှစ်ပါးနှင့် အစ်ကို အစ်မ များကလည်း မြို့လမ်းဖက် ဦးစူထွက်ခွါနေသော ဆရာတပည့်နှစ်ပါးတို့အား ဦးချကာ မျက်ရည်ရစ်ဝဲ ကျန်ခဲ့ရှာ၏။

မြန်မာပြည် တစ်နံတစ်လျှား၌ ပရိယတ္တိစာသင်တိုက်များကို များစွာပင် တွေ့ရနိုင်၏။

ဗုဒ္ဓဘုရားရှင်၏ မုခပါဠိပါဠိတော် ကျမ်းတစ်ကျမ်းကျမ်းကို မူရင်းတင်၍ အဋ္ဌကထာ, ဋီကာကျမ်းများ၊ အဖွင့်သံဝဏ္ဏနာများ ချဲ့ထွင်သိုင်းဝိုင်းလျက် ကျမ်းရိုးပေါက် သင်ကြားနည်းဖြင့် လေ့လာ သင်ကြား တတ်မြောက်စေလျှင် ထိုစာသင်တိုက်ကို စာကြီးဖောက် (ကျမ်းရိုးဖောက်) စာသင်တိုက်ဟု ခေါ်ရ၏။ ထိုစာကြီးဖောက် စာသင်နည်းမှ လမ်းခွဲ၍ သဒ္ဒါ, သဒ္ဒိုဟ်, ဝိနည်း စသည် ကျမ်းစုံ သင်ရိုးရေးဆွဲပြဋ္ဌာန်းပေးကာ အတန်းလိုက် ဘာသာစုံ စာမေးပွဲနည်းကို အသုံးပြုလျက် လေ့လာ သင်ကြား တတ်မြောက်စေသည့် ပထမပြန် ဓမ္မာစရိယ စာသင်တိုက်များကို စာမေးပွဲဝင် စာသင်တိုက်ဟု ခေါ်ရ၏။

စာကြီးဖောက် သင်ကြားနည်းမှာ ရှေးရိုးစဉ်လာ စာသင်နည်း ဖြစ်ပြီး ပရိယတ္တိစာပေလောကတွင် ပခုက္ကူ-မန္တလေးတို့၌ ယနေ့တိုင် ရှင်သန်ဆဲဖြစ်၏။ စာမေးပွဲဝင် စာသင်နည်းမှာ ဤမှာဖက်ခေတ်တွင် ရဟန်းသာမဏေများ အဖို့ အများစု စာလုပ်ဖြစ်အောင် အဆွဲဆောင်နိုင်ဆုံးနည်းဖြစ်၍ ထိုနည်းကို စာသင်သားများ နှစ်ခြိုက်ကြသဖြင့် စာမေးပွဲဝင် စာသင်တိုက်များ အမြို့မြို့ အရွာရွာ၌ တစ်နေ့တခြား ပွားတိုးလျက်ရှိပေသည်။

စာကြီးဖောက် စာသင်တိုက်ဖြစ်စေ၊ စာမေးပွဲဝင် ခေတ်မီ စာသင်တိုက်ဖြစ်စေ ပရိယတ္တိ စာသင်တိုက်များ အတွက် သောတုဇန စာသင်သား ဖြည့်တင်းရေး လမ်းကြောင်းကား ကျေးလက်ဒေသ ရွာဦးကျောင်းများပင် ဖြစ်သည်။ ရွာဦးကျောင်း၌ နှစ်ဝါ သုံးဝါ ရွှေကျောင်းပျော်ခဲ့သော ဆယ်သုံးလေးနှစ်သား ကိုရင်ငယ်သည် ဦးခေါင်း၌ ဂျာရစ်နှင့်ဒက်များ မစင်သေးခင်ပင် မြို့စာသင်တိုက်သို့ ပို့အပ်နှံကာ သောတုဇန စာသင်သားအဖြစ်သို့ ရောက်ရှိသွားလေသည်။

ပရိယတ္တိစာသင်တိုက်၌ ဓမ္မာစရိယ ဆရာတော်တို့ကလည်း အနယ်နယ် အရပ်ရပ်မှ ရောက်လာသမျှ သောတုဇန စာသင်သားတို့အား ကျောသားရင်သား မခွဲခြားဘဲ စီမံ

အုပ်ချုပ်၍ ပရိယတ္တိစာပေများကို သင်ကြားပို့ချကြ၏။ ဗုဒ္ဓ၏ အဆုံးအမ သာသနာတော်မြတ်ကြီးကို ဆရာအစဉ်အဆက် သယ်ဆောင်လာခဲ့၍ မိမိတို့လက်ဝယ်သို့ ရောက်ရှိနေရာ တာဝန်အသီ တာဝန်အပြည့်ဖြင့် ပညာဆီမီးရောင်ကို လက်ဆင့်ပွား ထွန်းညှိပေးကြကာ ဓမ္မစေတီအဆူဆူ တည်ထားပေးနေကြခြင်းအဖြစ် ခံယူတော်မူကြလေသည်။

ဤသို့ဖြင့် ဆရာတော်တို့မှာ တရားဌာနစ်ခြိုက်မှု ဓမ္မပီတိ၊ တပည့်များ အောင်မြင်သွားကြသည့်အခါ ကြိုးစားရကြိုးနပ်မှု ဝိရိယပီတိအပြင် ဆရာတပည့် စာပေဆက်ဆံရေးနယ်ပယ်အတွင်းမှ ပြုံးဟိဖွယ်ရာ ကပ်သီးကပ်သပ် ဟာသပီတိ ကလေးများပါ အပိုဆောင်းကာ ပရိယတ်စာပေပို့ချမှုလုပ်ငန်းစဉ်ကြီးဌ နှစ်မြုပ်ပျော်မွေ့နိုင်ကြပါလေသည်။

ပရိယတ္တိစာသင်တိုက် ဂန္ထဝါစက စာချဆရာတော် အရှင်မြတ်များအား ဦးခိုက်ပါ၏။

တင်အောင်ထွန်း [သုတေသန]

ပျင်းသူ့အားကိုး

စာသင်တိုက် တစ်တိုက်၏ စာကျက်ခန်း တစ်ခု အတွင်းတွင် ကိုရင်ငယ်များ သူ့ထက်ငါ အလုအယက် စာကျက်နေစဉ် ကိုရင်ကြီး တစ်ပါးမှာ သက်နှိုးခေါင်းမြီးခြုံ၍ အိပ်နေသည်ကို ဆရာဘုန်းကြီး လှည့်လာခိုက် မြင်သွားသည်။

"ကိုရင်ကြီးလား၊ ဟဲ့- ကိုရင်ကြီး ထစမ်း၊ ကိုရင်လေးတွေ စာကျက်နေလိုက်ကြတာ၊ ဘယ်လောက် အားကျစရာကောင်းလဲ။ မင်းထက်ကြီးတာ တစ်ပါးမှ မပါဘူး"

ဆရာဘုန်းကြီးမှာ ကိုရင်ကြီးအား မာန်မဲ၍ ထွက်ခွါသွားလေသည်။

ကိုရင်ကြီးကား ကိုရင်ငယ်များအကြားတွင် ဆရာဘုန်းကြီး အဆူခံထိသဖြင့် အောင့်သက်သက်နှင့် ရှက်လည်းရှက်မိ၏။ အိပ်နေသည်ကို မိသွားမှတော့ ဘာမှမတတ်သာတော့။ အိပ်ရာမှ ထ၍သာ စာအုပ်ကိုဖွင့်၍ လှန်လှောရတော့သည်။

စာအုပ်လှန်ရင်း အရှက်ပြေ ပြောဆိုလိုက်သော ကိုရင်ကြီး၏ စကားကို ကြားရသူ ကိုရင်ငယ်များအဖို့ ငိုအားထက်ရယ်အားသန် ကြရတော့သည်။

ကိုရင်ကြီး ပြောလိုက်ပုံမှာကား-

'အေး-- မင်းတို့ ဘယ်လောက်ကျက်ကျက်၊ မင်းတို့ မေ့သွားရင် ငါအိပ်နေတာနဲ့ အတူတူပဲကွ' ဟူသတည်း။ ❑

စာဖြီးကောင်းသော ကိုရင်

အခြေပြုမူလတန်း ကိုရင်ငယ်များအား ဆရာဘုန်းကြီးက မြန်မာစာဘာသာ ဗုဒ္ဓဝင် သင်ကြားနေချိန် ဖြစ်သည်။

အချိန်မှာ အရုဏ်ဆွမ်းစားပြီးစ နံနက် ၇-နာရီ စာဝါဖြစ်ရာ ဆွမ်းဆိပ်တက်၍ အများအားဖြင့် အိပ်ငိုက်တတ်လေသည်။ ရှေ့ပိုင်းမှ ကိုရင်များမှာ ဆရာဘုန်းကြီးအား ကြောက်ရွံ့သဖြင့် မအိပ်ငိုက်ကြသော်လည်း နောက်တန်းမှ ကိုရင်သုံးပါးမှာ မကြာခဏ ခေါင်းစိုက်စိုက် ကျသွားတတ်သည်ကို ဆရာဘုန်းကြီး သတိပြုမိသည်။ ထို့ကြောင့် စာဝါအရပ်တွင် အနှီကိုရင်သုံးပါးအား စာမေးလိုက်သည်။

"နောက်က ကိုရင်သုံးပါး ပြောစမ်း၊ ဘုရားလောင်းရယ်, ဘုရားလောင်း တောထွက်ရာမှာ ပါသွားတဲ့နှစ်ဦးရယ် ပေါင်း သုံးဦးရဲ့ အမည်နဲ့၊ အနော်မာသောင်ကို သူတို့ဘယ်ပုံ ဘယ်နည်း ရောက်ခဲ့ပုံကို ပြောစမ်း။ တစ်ပါးချင်း ပြော"

ကိုရင်သုံးပါး အကြပ်ရိုက်ပေပြီ။

ကိုရင်တစ်ပါးက မျက်စိကိုပွတ်၍ 'သိဒ္ဓတ္ထဘုရားလောင်းက ဆန္ဒမြင်းကို စီးသည်' ဟု ပြောပြီး ရှေ့မဆက်နိုင်

တော့။ နောက်တစ်ပါးက 'ဘုရားလောင်း သိဒ္ဓတ္ထသည် ကဏ္ဍကအမတ်နှင့် မြင်းစီးသွားသည်' ဟု ကပေါက်ချိ ကပေါက်ချာ ဖြေပြန်သည်။ ကျန်ကိုရင်များက ရယ်ကြ၏။

နောက်ဆုံး ကိုရင်အလှည့် ရောက်လာပြီဖြစ်၏။ ကိုရင်ကား ရှေ့ကိုရင်များ ပြောသွားသဖြင့် နာမည်သုံးဦးကို တော့ သိနေပြီ။ သို့ရာတွင် ဘယ်သူ ဘုရားလောင်း၊ ဘယ်သူ အမတ်၊ ဘယ်သူမြင်း ဆိုသည်ကိုမူ ကိုရင် မသဲကွဲ ဖြစ်နေ၏။ ဆရာဘုန်းကြီးနှင့် စာသင်သား ကိုရင်များမှာ ကိုရင်၏ အဖြေကို ငုံ့လင့်နေကြ၏။ ကိုရင်သည် ဆရာဘုန်းကြီးအား တစ်ချက်မော့ကြည့်လိုက်ပြီး ကောက်ကာင်ကာ ဖြေဆိုလိုက် တော့သည်။

"သိဒ္ဓတ္ထ, ဆန္ဒ နှင့် ကဏ္ဍကတို့သည် စီးသူကစီး, ပြေးသူက ပြေး, အမြီးဆွဲသူဆွဲဖြင့် အနော်မာသောင်သို့ ရောက်လာကြလေတော့သည်"

စာကျက်ရာတွင် ပျင်းတတ်သလောက် ဖြတ်ထိုးဉာဏ် ထက် မြက်၍ မမှားအောင် အဖြီးကောင်းသော ကိုရင်၏ အဖြေကို ကြားရသောအခါ ဆရာဘုန်းကြီးမှာ ဣန္ဒြေဖြင့် မပြုံးဘဲ မနေနိုင်တော့ပေ။ ကျန်စာသင်သား ကိုရင်များလည်း အတွေးပေါက်ကာ မမှားနိုင်သော ကိုရင်၏စာဖြီးကို သဘော ကျကာ ရယ်မောကြလေသတည်း။

ဦးပဋ္ဌင်း ကိုရင်

ကိုရင်ဘဝ၊ ဦးပဋ္ဌင်းငယ်ဘဝ စာသင်သား ဆိုသည်မှာ ကံကြီးကံငယ် ကိစ္စမပြောထားနှင့် သီလပေး ရေစက်ချကိစ္စ ကိုပင် ဦးစီး ဆောင်ရွက်ရခဲလေသည်။ နောက်လိုက်အနေနှင့် ပရိတ်ရွတ်လောက်သာ လိုက်ပါ ဆောင်ရွက်ရမှု များသဖြင့် တစ်ခါတစ်ရံ ရေစက်ချရမည့် ကိစ္စများနှင့် ဒက်ထိတိုးရသည့် အခါ ချောက်ကျ ခြွေးပြန်ရတတ်လေသည်။

အလျှုအတန်းကဲ့သို့ သုမင်္ဂလကိစ္စများထက် အထူး သဖြင့် ဒုမင်္ဂလကိစ္စဖြစ်သည့် အသုဘ ကိစ္စမျိုးတွင် ကြုံတတ် လေသည်။ မြို့ပြများတွင် ဘာသာရေးကိစ္စကို ဖာသိဖာသာ ထားကာ ကိုးကွယ်ရင်းနှီးသည့် ဘုန်းကြီးရဟန်းမရှိဘဲ နေလာ သူများအနေနှင့် အသုဘ သပိတ်သွတ်ကိစ္စမျိုး ကြုံလာမှ အခက်တွေ့တတ်၏။ ထိုအခက်ကိုလည်း လမ်းပေါ် ဆွမ်းခံ ကြွလာသည့် ကိုယ်တော်တစ်ပါးပါးအား ဆီးပင့်၍ အလွယ်ပင် ဖြေရှင်းပြီးစီးတတ်လေသည်။

တစ်ခါက ဦးပဋ္ဌင်းငယ်တစ်ပါး ဆွမ်းခံကြွလာခိုက် ထိုကိစ္စ အတွက် ဆီးပင့်လေရာ ဆွမ်းခံအိမ်အသစ် တိုးသည်မှတ်ပြီး

လက်ခံလိုက်၏။ အိမ်ဝလှမ်းတက်ခါနီးမှ အိမ်ပေါ်ရှိ အလောင်းစင်ကို မြင်ပြီး ဦးပဉ္စင်းမှာ ခြေလှမ်းတုံ့ရပ်၍ နောက်ပြန်လှည့်ကာ ပြောပြောဆိုဆိုနှင့် တစ်ချီးတည်း ကြွသွားလေတော့သည်။

"ဦးပဉ္စင်းက ကိုရင်ပဲ ရှိသေးတယ်"

ပင့်လျှောက်သူ ဒါယကာမှာ ယောင်တိယောင်ကန်းကျန်ရစ်ခဲ့ကာ ဦးပဉ္စင်းအမိန့်ရှိ ပြောသွားသော စကားကို ပြန်ရွတ်ကြည့်ရင်း ဆွမ်းခံကိုယ်တော် နောက်တစ်ပါးကို စောင့်မျှော်ကျန်ရစ်ခဲ့လေ၏။

'ကိုရင်ပဲ ရှိသေးတယ်' ဆိုသော ဦးပဉ္စင်းမှာ ရေစက်ချမရ၍ ချွေးပြန်ပြီး အရှက်တကွဲ အကျိုးနည်းရမည့်အရေးမှ ရှောင်ပြေးခဲ့ခြင်းဖြစ်၏။ ထိုဦးပဉ္စင်းသည် မိမိယောင်ယောင်မှားမှား ပြောခဲ့သည့် စကားကို ကျောင်းရောက်သည့် အခါ သီတင်းသုံးဖော်များအား ဖောက်သည်ချရင်း အတွေးပေါက်ရယ်မောမဆုံးကြတော့ပေ။ ❑

-------o--------

ကာကောမသီ ဓကော်ရှိ

Rose ဆိုသည့် အင်္ဂလိပ်စာလုံးကိုတွေ့ရာ အနက်အခေါ် မသီတဲ့ ရှိသဖြင့် English to English အဘိဓာန်စာအုပ်လှန်၍ ရှာသည်။ (ချိုမွှေးလှပသော အပွင့်ပွင့်၍ ဆူးပါသော ခြုံနွယ်မျိုးပင်) ဟု အင်္ဂလိပ်လို ပြဆိုထားသဖြင့် မြန်မာလို (နှင်းဆီပင်) ဟု မသိသူအဖို့ အဆူးရှိသော ပန်းပင်များ အကြားတွင် နာမည်ဖော် ကောက်ယူမှု မှားယွင်းသွားနိုင်ပေသည်။

ထိုကဲ့သို့ပင် ပါဠိတော် စာကြီးပေကြီးများ ကြည့်ရှုရာတွင် ဘုရားဟော ပါဠိအဓိပ္ပါယ် ဉတ်နေလျှင် အဖွင့်အဌကထာကို လှန်၍ ရှာဖွေရသည်၊ တစ်ဖန် အဌကထာတွင် မပါလျှင် သို့မဟုတ် အဌကထာစကားက အဓိပ္ပါယ်မပြည့်စုံလျှင် ဋီကာ, အနုဋီကာ, ဂဏ္ဌိ စသည်ကို ဆက်လက်ရှာဖွေ ကြည့်ရှုရတတ်သည်။ ထိုအခါမျိုးများတွင် ဦးနှောက်ခြောက်ရင်းမှ ပြုံးမိရတတ်သည်များ ရှိလေသည်။

စာသင်သား ရဟန်းတစ်ပါးက စာကြည့်ရင်း (ကာကော) ဟူသောပုဒ်ကို တွေ့ရာ အဓိပ္ပါယ်အနက်မရတဲ့ ရှိလေ သည်။ သို့ရှုပ် အဖွင့်သံဝဏ္ဏနာကို လှန်၍ကြည့်ပြန်၏။

အဖွင့်သံဝဏ္ဏနာတွင် (ကာကောတိ ဓကော်) ဟု ဖွင့်ထားပြန်ရာ 'ကာကော' လည်း မသိ၊ 'ဓကော်' လည်း မသိသော စာသင်သားအဖို့ စာအုပ်ပစ်ချရင်း 'ကာကော မသိလို့ အဖွင့်ကြည့်ပါတယ်-ဓကော်တဲ့' ဟု နှုတ်မှရေရွတ်ကာ အဖြေမှန်ကို လျှောက်ထားမေးမြန်းရန် ဆရာသမားထံ ပြေးရတော့သည်ကား စာသင်သား လောကအဖို့ ပြုံးမိဖွယ် တစ်ခုပင် ဖြစ်ပါတော့သည်။ □



ထူးဆန်းသော မုန့်နာမည်

ထူးဆန်းသော မုန့်နာမည်

ဘုရားသာသနာတော်ကြီးသည် အလွှာပေါင်းစုံ လူမျိုးပေါင်းစုံမှ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့၏ ပေါင်းဆုံရာ ဖြစ်၏။

ယနေ့ စာသင်တိုက်ကြီးများ ကြည့်လျှင်လည်း ထိုသို့ ခံစားရမည် ဖြစ်ပါသည်။ အထက်အညာဒေသမှ စာသင်သားများလည်း လာရောက်၍ ပညာရင်နှီ့ သောက်စို့ကြ၏။ အောက်အရပ် ဒေသမှ တပည့်များစွာလည်း တက်ရောက်ခိုမှီးကြ၏။ ရှမ်း, ကချင်, ကရင်, ရခိုင်, မွန်, ဗမာ စသည့် တိုင်းရင်းသားစုံတို့မှ အမျိုးကောင်းသားတို့ ပေါင်းဆုံရာ စုစည်းရာ ဗုဒ္ဓသာသနာ၏ အချက်အခြာ ဌာနကြီးများ ဖြစ်တော့လေသည်။

ဤသို့ ပေါင်းစုံ ရင်းနှီးမှုမှတစ်ဆင့် တစ်ဦးနှင့်တစ်ဦး ဗဟုသုတဖလှယ်ကြ၊ တစ်ဦးဒေသသို့ တစ်ဦး ရောက်ရှိလည်ပတ်ကြ၊ တစ်ဦးအပေါ် တစ်ဦး ခွင့်လွှတ်နားလည်ကြနှင့် သာသနာပြု လောကကြီးပါ စည်ပင်လျက် ရှိပေသည်။ မုံရွာနယ်မှ ဦးကုဏ္ဍလနှင့် ဟင်္သာတသား ဦးအဂ္ဂသာရတို့ ရန်ကုန်ရှိ

စာသင်တိုက်ကြီးတစ်ခုတွင် ဆုံဆည်း မိကြပြီး တစ်ပါးနှင့် တစ်ပါး ဘယ်နေရာမဆို တတွဲတွဲနှင့် ရင်းနှီး ကျွမ်းဝင်ခဲ့ကြ၏။

တစ်ခုသော နွေရာသီကျောင်းပိတ်ရက်တွင် ဦးကုဏ္ဍလသည် အညာမိဘရပ်ထံ မပြန်ဘဲ ဦးအဂ္ဂသာရ၏ ဇာတိရွာ မြစ်ဝကျွန်းပေါ် နယ်သို့ အလည်လိုက်သွားလေသည်။

တစ်ခုသော နံနက်တွင် ဦးအဂ္ဂသာရက ကျောင်းရှေ့ မှဖြတ်သွားသော မုန့်သည်ကို ကျောင်းသားများအား လိုက်ခေါ် ဝယ်ယူစေပြီး ဦးကုဏ္ဍလ မစားဖူးသော အောက်ပြည်ဖြစ် မုန့်တစ်မျိုး ဟုဆိုကာ မြည်းစမ်း ကြည့်စေ၏။ ဌက်ပျောဖက်ကို ဖြေ၍ အတွင်းမှ ညိုညိုပြောင်ပြောင်မုန့်ကို ဘုဉ်းပေးကြည့်ပြီး နောက် 'ဘာမုန့်လဲ' ဟု ဦးကုဏ္ဍလက မေးသည်တွင် 'အဲဒါ အညာသား ကျောကုန်းမုန့်' ဟု ဦးအဂ္ဂသာရက ပြုံး၍ဖြေကြား သည်။ ဦးကုဏ္ဍလမှာ သူ့မိတ်ဆွေက သူ့ကို 'နှီ' ပြီဆိုသည်ကို သိလိုက်ပြီး ပြုံးပြုံးနှင့် ခေါင်းထဲ တေးမှတ် ထားလိုက်၏။

နောက်နှစ် နွေရာသီ ကျောင်းပိတ်ရက်တွင် ဦးကုဏ္ဍလသည် မြစ်ဝကျွန်းပေါ်သား ဦးအဂ္ဂသာရအား အညာမြေသို့ အလည်ပါအောင် ခေါ်ခဲ့၏။ အညာဒေသ ဘုရားများ လိုက်ပို့အပြီး ဇာတိရွာ ဖက်သို့လည်း ၇-ရက်ခန့်

လည်ပတ်စေကာ ဦးအဂ္ဂသာရက ရန်ကုန် ပြန်နှင့်မည်ဖြစ်၍ မန္တလေးထိ ဦးကုဏ္ဍလက လိုက်ပို့သည်။

မန္တလေးသို့ရောက်သော် နံနက် ၈-နာရီခန့်သာ ရှိသေးရာ အဆာပြေ ဘုဉ်းပေးရန် ကားဂိတ်ရှိ လက်ဖက်ရည်ဆိုင်သို့ ဝင်ခါနီး ဦးကုဏ္ဍလက 'ကိုယ့်လူကို မှန့်အထူးအဆန်းကျွေးရဦးမယ်' ဟု ဆိုကာ လမ်းဘေးဆိုင်သို့ ဝင်၍ မှန့်ဝယ်သည်။ အထူးအဆန်းမှန့် ဆို၍ ဦးအဂ္ဂသာရ ကြည့်လိုက်တော့ ရန်ကုန်တွင် လမ်းဘေး၌ တွေ့ဖူးနေကျ မှန့်ဖြစ်နေသည်။

"ဘာထူးဆန်းလို့လဲ ကိုယ်တော်။ ဒါ ရန်ကုန်မှာ မှန့်လင် မယား ခေါ်တာ၊ တစ်ချို့က မှန့်အိုးလေးတဲ့"

ဦးကုဏ္ဍလက ပြုံးရင်း ပြန်ပြော၏။

"ကိုယ်တော်တို့ အောက်မှာတော့ ဘာယ်လိုခေါ်သလဲ မသိဘူး။ ဒီမှာတော့ (အောက်သူမဘိုက်) တဲ့"

ဦးအဂ္ဂသာရလည်း ဦးကုဏ္ဍလက သူ့အား ပြန် 'ချေ' ပြီကို သိရှိကာ ရောယောင်ရယ်ရင်း စာသင်ဖော် သူငယ်ချင်းနှစ်ဦး ချစ်ခင် ရင်းနှီးစွာ လက်ဖက်ရည်ဆိုင်ထဲသို့ ကြွချီခဲ့ကြလေတော့သည်။ ❑

------o-----

သီလရှိသူ

မြန်မာနိုင်ငံကို ဗြိတိသျှတို့ အုပ်စိုးစဉ် ခေတ်ပညာတတ်များ ရှားပါးနေချိန် တက္ကသိုလ်ကျောင်းသားဘဝမှာပင် သာသနာတော်ကို တကယ်ကြည်ညိုစိတ် (သဒ္ဓါပဗ္ဗဇ္ဇိတ) ဖြင့် ရဟန်းပြုလာခဲ့ပြီး သိက္ခာ သမာဓိ ကြီးရင့်လာသော ဆရာတော်တစ်ပါး ရှိခဲ့လေသည်။ ဆရာတော်သည် သာသနာကို ကြည်ညိုစိတ် ထက်သန်သည့်အလျောက် သီလအကျင့်သိက္ခာနှင့် ပတ်သက်၍ မြို့မျှလောက်အပြစ်ကိုပင် ရှောင်ကြဉ်ကာ ဝိနည်းတော်ကို အလွန်တရာ ရိုသေလေးစားလေသည်။

ဆရာတော်၏ စာသင်တိုက်ရှိ စာချစာသင် ရဟန်းသံယာတော်များမှာလည်း စာတတ်မြောက်ရေးထက် ဝိနည်းအကျင့် သိက္ခာဖြင့် နေထိုင်တတ်ခြင်းကို ပိုမိုဦးစားပေးကျင့်သုံးကြရ၏။ ဝတ္ထုကြေးငွေကို ကပ္ပိယကာရကည္ဆန်း၍ လက်ခံကြရ၏။ ကျောင်းတိုက်အတွင်းသို့ ဝင်ရောက်ခိုးယူသူတစ်ဦးအား ခိုးရာပါပစ္စည်းနှင့်တကွ မိထားသော်မှ ဝိုင်းဝန်းဖမ်းဆီး ချုပ်နှောင်ရိုက်ပုတ်ဖို့ နေနေသာသာ ခိုးသူက အာလျှပြတ် ပြန်လျှောက်ပါမှ ပစ္စည်းရှင်ရဟန်း ပြန်ယူရ၏။ သို့မဟုတ်

ပါက ပစ္စည်းအစားကို ဆရာတော်ကစိုက်၍ အလျော်ပေးပြီး ထိုပစ္စည်းကို ခိုးသူအား ယူသွားစေလေသည်။

မိုးရာသီကုန်ဆုံး၍ ဝါလသီတင်းကျွတ်ကာ ကထိန်ပွဲ ရက်များ နီးသော် ဥပုသ်အားရက်များတွင် ကျောင်းဝင်း အတွင်း၌ မြက်အမှိုက်များ ရှင်းလင်းခြင်း၊ အုတ်နံရံများကို ထုံးသုတ်ခြင်းများ ပြုကြရ၏။ ထိုသို့ ပြုရာတွင် ဦးပဋ္ဌင်းများမှာ ဘူတဂါမ (မြက်သစ်ပင်များကို နုတ်ခြင်း ခုတ်ခြင်း မပြုရ) သိက္ခာပုဒ်ကို ထိန်းသိမ်းသောအားဖြင့် အုတ်နံရံ ထုံးသုတ်ခြင်း နှင့် ကိုရင်များ ခုတ်ထွင်ပြီးသည့် မြက်အမှိုက် များကို သယ်ပိုး ခြင်းလောက်ကိုသာ ပြုကြရပြီး မြက်သစ်ပင်များ နုတ်ခြင်း ခုတ်ခြင်း မပြုကြရပေ။ ပထဝီခဏန (မြေမတူးဆွရ) သိက္ခာပုဒ် ကြောင့်လည်း ပေါက်ပြားဖြင့် မြေရှုပ်ခြင်းမျှ မပြုကြရပေ။

တစ်နှစ် ကထိန်ပွဲရက်အနီး ဥပုသ်နားရက် တစ်ရက် တွင် ဖြစ်၏။ ကျောင်းဝင်းအတွင်း မြက်အမှိုက်များ ရှင်းလင်းကြ ရာ ဆရာတော် သီတင်းသုံးသည့်ကျောင်းနှင့် မြက်ရှင်းသည့် နေရာအကြားတွင် ကျောင်းဆောင်ကြီးတစ်ခုလုံး ခြားကာနေ၍ ဆရာတော် မမြင်လောက်ဟု တွက်ဆကြသဖြင့် လည်းကောင်း၊ ကိုရင်ဦးရေကလည်း နည်းပါးရာ အလုပ်မြန်မြန် ပြီးစီးလိုသဖြင့် လည်းကောင်း ဦးပဋ္ဌင်းများကပါ ပေါက်တူးများကိုင်၍ မြက်ဝင် ရှင်းကြလေသည်။

ဆရာတော်တော့ မမြင်ပါ။ သို့သော် ဆရာတော် မမြင်ကွယ်ရာ၌ ဤသို့ ပြုတတ်လေ့ရှိကြောင်း ဆရာတော် သိရှိထားသဖြင့် ကျောင်းစောင့်ကိုရင်တစ်ပါးကိုခေါ်၍ လူလွတ်အကြည့်ခိုင်းသည်။ လွတ်လိုက်သည့် ကိုရင်သည် ဦးပဉ္စင်းများအား အကျိုးအကြောင်း ပြောပြရာ ဦးပဉ္စင်းများက ဆရာတော်အား ကွယ်ဝှက်၍လျှောက်ထားရန် ပြောနေကြသဖြင့် ကိုရင်မှာ အတော်နှင့် ပြန်မလာရပေ။ ထိုစဉ် ဆရာတော်ထံသို့ စာအုပ်ပို့လာသော ကျောင်းသားအား ဦးပဉ္စင်းများ ပေါက်တူး ပေါက်မြက်ရှင်းခြင်း ပြု, မပြု ထပ်မံ၍ကြည့်ခိုင်းလိုက်သည်။

ထပ်ဆင့်ကြည့်ရှုရန် လွတ်လိုက်သည့် မောင်ကျောင်းသားသည် ကိုရင်ထက်ဦးစွာ ပြန်ရောက်လာပြီး မြင်တွေ့ခဲ့သည့်အတိုင်း လျှောက်တင်သည်။ ဆရာတော် စေခိုင်း၍ ကျောင်းသားတစ်ဦး ထပ်ဆင့်ကာ ထောက်လှမ်းသွားသည်ကို မသိလိုက်ရှာသော ကိုရင်သည် မကြာမီ ဆရာတော်ထံ ပြန်ရောက်လာပြီး ဦးပဉ္စင်းများ မြက်ရှင်းခြင်း၊ ပေါက်တူးကိုင်ခြင်း မပြုကြောင်း ဦးပဉ္စင်းများ ပြောခိုင်းသည့်အတိုင်း ကွယ်ဝှက်၍ လျှောက်တင်သည်။

အဖြစ်မှန် သိရှိပြီးနှင့်သော ဆရာတော်က ပြုံးရယ်၍ ကိုရင်အား မေး၏။

"ကိုရင်နဲ့ကျောင်းသား ဘယ်သူ သီလရှိသလဲ"

ကိုရင်သည် ရိုးရိုးတွေး၏။ ကိုရင်က ၁၀-ပါးသီလ စောင့်ထိန်းရ၍ ကျောင်းသားက ၅-ပါးသီလ စောင့်ထိန်းရ၏။ ကိုရင်တွင် ၁၀-ပါးသီလအပြင် လိင် ၁၀-ပါး၊ ဒဏ် ၁၀-ပါး၊ သေခါယ ၇၅-ပါးနှင့် ခန္ဓကဝတ် ၁၄-ပါးတို့ကိုပါ ကျင့်ဝတ်အနေနှင့် စောင့်ထိန်းကျင့်ကြံရသေး၏။

"မှန်ပါ - ကိုရင်က သီလပိုရှိပါတယ် ဘုရား"

"သီလပိုရှိတာကို ပြောတာမဟုတ်ဘူးကိုရင်။ သီလလုံတာကို ပြောတာ။ (ကျောင်းသားဖက်သို့ လှည့်၍)ကဲ-မောင်ကျောင်းသား၊ ခုန သွားကြည့်တာ ဦးပဋ္ဌင်းတွေ ဘာလုပ်နေတာ တွေ့ခဲ့လဲ"

ကျောင်းသားက ဖြေ၏။

"ဦးပဋ္ဌင်း ၅-ပါး ပေါက်တူးနဲ့ မြက်ကူရှင်းနေတာ တွေ့ခဲ့ပါတယ် ဘုရား"

"ကဲ- ကျောင်းသားပြောတာ အမှန်လား ကိုရင်"

"မှန်ပါတယ်ဘုရား၊ တပည့်တော် ကွယ်ဝှက်လျှောက်မိပါတယ်ဘုရား"

"ကွယ်ဝှက်ပြောတာ ဘာဖြစ်လဲ"

"မုသာဝါဒ လိမ်ညာပြောခြင်းပါ ဘုရား။ သီလ ပျက်ပါတယ်၊ သီလမရှိပါဘူး ဘုရား"

ကိုရင်သည် ဝိနည်းသိက္ခာကို အစဉ်လေးစား မြတ်နိုးသော သူ့ဆရာတော်အား ကွယ်ဝှက် လျှောက်မိသည့်အတွက် ခုမှ နောင်တ ရ၍ မဆုံးတော့ပေ။

ဆရာတော်သည် ကိုရင်ငယ်အား တွေ့ကြုံလွယ် ကျိုးပေါက်လွယ်သည့် မုသာဝါဒ သိက္ခာပုဒ်ကို စောင့်ထိန်းသင့်ကြောင်း ဆုံးမ၍ ဦးပဉ္စင်း ကိုရင်အမျှားစုကိုမူ ည ဘုရားဝတ်တက်အပြီး ထိုအကြောင်း ပြောကာ ဩဝါဒပေးလေ၏။

လိုက်တေ သတိ ရက်တေ ဟောတိ

ဥပုသ်နေ့ တစ်နေ့။

စာဝါနားကြသဖြင့် ဦးပဉ္စင်း ကိုရင်များ ဝိုင်းဖွဲ့စကား ပြောနေကြရင်း သဒ္ဒါဆိုင်ရာ ဝိဂြိုဟ်ဆိုနည်းအကြောင်း ရောက်သွားကြသည်။ ဦးပဉ္စင်းတစ်ပါးက ပြောသည်။

"ဝိဂြိုဟ်ဆိုတာ လွယ်လွယ်လေးပါ။ ဝိဂြိုဟ်မတတ် တီတိခတ်-တဲ့။ ဗျုပ္ပတ်သာ ရပါစေ (တီတိ) ခတ်လိုက်ရင် ပြီးတာပဲ။ ဥပမာကွာ- (ကောက်ရိုး) ကို ဘယ်လိုဝိဂြိုဟ်ဆိုမလဲ။ ကောက်ရိုးက အမျှင်တွေ မဟုတ်လား။ ဒီတော့ အမျှင်အမျှင် ကရောတီတိ ကောက်ရိုး။ အမျှင်အမျှင်၊ အမျှင်အမျှင်ကို။ ကရောတိ၊ ပြုတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ကောက်ရိုး၊ ကောက်ရိုးမည်၏-တဲ့။ ဘယ်လောက်လွယ် သလဲ"

ကျန် ဦးပဉ္စင်းကိုရင်များ ပြုံးကြသည်။

ပါဠိအပျက်နှင့် စဖောက်ပြီဆိုတော့ နောက် ဦးပဉ္စင်း တစ်ပါး က သူရဖူးသော ဝိဂြိုဟ်ကို ဖောက်သည်ချပြန်၏။

"အံ့မယ် တပည့်တော်ကြားဖူးတာ တစ်ခုရှိသေးတယ်။ ဒ္ဒိဇလုံ တိဇလုံ ဘုဥ္ဇတီတိ ဗိုက်-တဲ့။ ဒ္ဒိဇလုံ တိဇလုံ၊ နှစ်ဇလုံ

သုံးဇလုံကို။ ဘုဥ္ဇတိ၊ သုံးဆောင်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဗိုက်၊ ဗိုက် မည်၏-တဲ့"

ကျန် ဦးပဉ္စင်း ကိုရင်များ ရယ်မောကြပြန်၏။ ဦးပဉ္စင်း တစ်ပါးကလည်း သူရဖူးသော ပါဠိတစ်ခုကို သတိရပြန်သည်။

"လိုက်တေ သတိ၊ ရက်တေ ဟောတိ၊ နမုဇဏ နူပေ အရုစိ- အဲဒီပါဠိကို အနက်ပေးတတ်ရင် ပေးကြစမ်းပါဗျာ"

အခြားဦးပဉ္စင်း ကိုရင်များမှာ ထိုပါဠိကို မကြားဖူး သဖြင့် အနက်အဓိပ္ပာယ်ကို မှန်း၍မရဘဲ ဖြစ်နေကြသည်။ ထိုအခါ ထိုပါဠိကို တင်ပြသော ကိုယ်တော်ကပင် ဓမ္မကထိက လေသံဖြင့် ပါဠိရွတ်၍ အနက်ပေးလေသည်။

"လိုက်တေ သတိ၊ ရက်တေ ဟောတိ၊

နမုဇဏ နူပေ အရုစိ။

လိုက်တေ၊ လေတိုက်သည်။ သတိ၊ ရှိသော်။ ရက်တေ၊ ရေတက်သည်။ ဟောတိ၊ ဖြစ်၏-တဲ့။ နမုဇဏ၊ နွားမ (နမ) တစ်စု တို့သည်။ နူပေ၊ နေပူသည်ရှိသော်။ အရုစိ၊ အရိပ်၌ စုကြလေကုန်သတည်း"

ကျန် ဦးပဉ္စင်းကိုရင်များမှာ သဘောကျ ရယ်မောကြ ရင်း နောက်ကနေ သာဓုလိုက်ခေါ်ကြလေသတည်း။ ❑

------o------

ပါဠိကောလိပ်ကျင်

ပါဠိတက္ကသိုလ် (ပါဠိကောလိပ်) အမည်ကို ခံယူထားသော စာသင်တိုက်တစ်တိုက်တွင် အနောက်သန်သော ကိုရင်ကြီးသုံးပါးသည် နေ့ဆွမ်းစားအပြီး ဝိုင်းဖွဲ့ထိုင်နေကြသည်။ သူတို့၏ ခေါင်းရင်း မျှားတွင် သင်ဖြူးလိပ်သုံးခုက တန်းစီလျက်။ မနီးမဝေးတွင်မူ စာဖတ်နေသည့် ကိုရင်သစ်တစ်ပါးရှိ၏။ ၎င်းကိုရင်ကို ကိုရင်ကြီးသုံးပါးက အလွန်နောက်ချင်နေကြသည်။

ကိုရင်အသစ်မှာ ယနေ့မှရောက်လာပြီး ဘာပစ္စည်းမျှလည်း မပါရှိဘဲ စာအုပ်တစ်ထုပ်နှင့် ခေါင်းအုံး၊ သင်္ကန်းနှစ်စုံသာ ပါသည်။ ခင်းစရာ သင်ဖြူးပင် မပါပေ။

သူ့ကြည့်ရသည်မှာ ယခုမှ တောကနေ မြို့သို့ စာသင်တက်လာသူနှင့် မတူဘဲ အခြားမြို့ကျောင်း တစ်ကျောင်းကျောင်းမှ ကျောင်းပြောင်းရွှေ့လာသူနှင့် တူလေသည်။ ကျောင်းရေဝနေသော ကိုရင်ကြီး မျှားကိုလည်း အကူအညီတောင်းခံခြင်း၊ စကားပြောဆို နှုတ်ဆက်ခြင်း မပြုပေ။ ထိုသူ မျိုးမို့ ပို၍နောက်ချင်နေကြသည်။ သို့မှသာ မြန်မြန် ရင်းနှီးမည်ဖြစ်သည်။

စကားပြောဆိုပြီး၍ ကိုရင်ကြီးသုံးပါး တစ်ရေးတစ်မော အိပ်မည်ဟု ဖျာလိပ်များကို ဖြေနေကြစဉ် ကိုရင်အသစ်က ကိုရင်ကြီး သုံးပါး၏ ဆင်တူသင်ဖြူးသုံးချပ်ကို ကြည့်၍ ပြော၏။

"ကိုရင်တို့ အဲဒီသင်ဖြူးဆို ဘယ်လောက်ပေးရလဲ၊ တပည့်တော်မှာ သင်ဖြူးမပါလို့၊ ဝယ်ရမှာ"

ကိုရင်ကြီးသုံးပါးမှာ မတိုင်ပင်ရဘဲ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။

တစ်ပါးက 'ဟာ- ဒါ ကျောင်းက ပေးတာလေ' ဟု ပြောလိုက်သည်။

နောက်တစ်ပါးက 'ကိုရင် မရသေးဘူးလား၊ မြန်မြန်သွား ထား၊ တော်ကြာ အစုတ်တွေ့ရနေမယ်' ဟု ပြောလိုက်ရာ ကိုရင် အသစ်မှာ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

"သွား- မြန်မြန်သွား၊ တိုက်အုပ်ဘုန်းကြီး မကျိန်းခင် မြန်မြန်သွား"

နောက်ဆုံးတစ်ပါးက ထပ်လောင်း တိုက်တွန်းလိုက်သဖြင့် ကိုရင်အသစ်မှာ တစ်ဦးတည်း တိုက်အုပ်ဘုန်းကြီး ကျောင်းသို့ သုတ်ခြေတင်တော့သည်။ ကိုရင်ကြီးသုံးပါး နောက်ပိုင်းမှ ရယ်ကျန်ရစ်ခဲ့သည်ကို ကိုရင် အသစ်ခမျာ မသိရှာပေ။

ကိုရင်ကြီးသုံးပါးမှာ ကိုရင်အသစ် ပြန်လာချိန်တွင် အားလုံး အိပ်ချင်ယောင် ဆောင်နေကြလေ၏။

မကြာမီ ကိုရင်အသစ် ပြန်ရောက်လာပြီး သင်ဖြူးလိပ်ကို ဘုန်းခနဲ ပစ်ချလိုက်မှ လန့်၍ မျက်လုံး ဖွင့်ကြည့်ကြသော အခါ အံ့သြကြရ၏။ ကိုရင်အသစ်သည် ဖျာလိပ်ကို ဖြန့်ခင်းနေလေသည်။

"ဘယ်နှယ်လဲ ကိုရင်၊ ဖျာဘယ်လောက် ပေးခဲ့ရသလဲ"

"တော်ပါ ကိုရင်တို့ရာ၊ ဖျာကတော့ အလကားရခဲ့ပါတယ်။ ဒါပေမယ့် မနည်းဘူး ပေးခဲ့ရတယ်။ တိုက်အုပ်ဘုန်းကြီးက ဆီးဟောက်ထည့်လိုက်တာ ရစရာကို မရှိဘူး။ ငါတော့ အနောက်ခံရပြီ ဆိုပြီး ထပြန်တော့ လမ်းတစ်ဝက်ရောက်မှ တိုက်အုပ်ဘုန်းကြီးက ပြန်ခေါ်ပြီး ဒီဖျာပေးလိုက်တာ"

အနောက်သန် ကိုရင်ကြီးများမှာ ဝိုင်းရယ်ကြပြီး တစ်ပါးက 'အဲဒါပေါ့ ကောလိပ်ဂျင်နည်းဆိုတာ' ဟု ပြောရှု ထပ်ဆင့် ရယ်ကြပြန်သည်။ (ဆရာဇဝန၏ 'ကောလိပ်ကျောင်းသား' ဝတ္ထုတွင် ကောလိပ်ကျောင်းသား အသစ်များအား ကောလိပ်ဂျင်ကျောင်းသား ဟောင်းများက ဤသို့ဤနှယ် အနောက်သန်ကြပုံပါရှိ၏။)

ဤလိုနှင့် ကိုရင်ဟောင်းကြီးများနှင့် ကိုရင်သစ်တို့ ရင်းနှီး၍ အဖွဲ့ကျသွားကြလေသတည်း ။

သောတုဇနနှင့် ဆွမ်းခံဝတ်

ရဟန်းတော်တစ်ပါးအဖို့ ဝိနည်းသိက္ခာမဲ့ အပြုအမူ အနေအထိုင် အကျင့်အကြံပေါ် ရှက်နိုးအပ်ပေ၏။ ယင်းသို့ လဇ္ဇီ-ပေသလဂုဏ် အရည်အချင်းနှင့် ပြည့်စုံဖို့ရာ သိက္ခာသမာဓိ ရင့်ကျက်မှု လိုအပ်ပေ၏။

လဇ္ဇီပေသလ သိက္ခာကာမ ဂုဏ်နှင့် ပြည့်စုံတော်မူသည့် ဆရာတော် သမားတော်များအဖို့ မထောင်းသာလှသော်လည်း သောတုဇနအရွယ် စာသင်သားတစ်ဦး ဖြစ်သော ဦးပုညအဖို့မှာမူ သမဏာသညာ ရင့်ကျက်မှု ကပ်ရောက်ခြင်း လျှော့ပါးနေပေသေးသည်မှာတော့ အမှန်။ သိက္ခာအရာတွင် အမျိုးကို စောင့်သော မိန်းမပျိုတစ်ဦးပမာ ရှက်အပ်သည် မှန်ပေရာတွင် ဦးပုညကား ထိုထက် သာလွန်နေသည်လား မပြောတတ်ပေ။

ဦးပုညအဖို့ ဆွမ်းခံရန် ရှက်တတ်နေခြင်းမှာ ခက်နေ၏။ အခြား ပျိုရွယ်သူများမှာ မိမိခွန်အားဖြင့် ရှာဖွေစားသောက်ကာ နေကြသလောက် သူတို့နှင့် အလားတူ ပျိုရွယ်သူ ဖြစ်ပါလျက် မိမိတို့မှာ အိုးနှုတ်ခမ်းတိုကို ပိုက်ပွေ့လျက် ရှာစဉ်လည်၍

အလျှုခံစားသောက် နေရခြင်းအပေါ် ရင့်ကျက်မှု မရှိသေးဘဲ ရှက်ရွံ့မှုက လွှမ်းမိုးနေဆဲ ဖြစ်နေ၏။

ဒုတိယအရှက်မှာ ဆွမ်းခံအိမ်လိုက်ဖိတ်ရသည့်ကိစ္စ ဖြစ်၏။ သာမန်အားဖြင့် ရပ်ဆွမ်းခံကြွရသော တောရွာများတွင် အကြောင်းမဟုတ်သော်လည်း မြို့ပေါ်များ၌ကား ဆွမ်းခံအိမ် လှည့်ဖိတ်ထားရပြီး ထိုင်ကိုယ်တော်အဖြစ် ဆွမ်းခံခြင်း ဓလေ့သာ အများအားဖြင့် ဖြစ်ထွန်းလျက် ထုံးစံ ဖြစ်နေလေရကား ထိုကိစ္စ ရှောင်လွှဲ၍မရတတ်ပေ။ ရှောင်လွှဲ မရ၍ မြို့သို့ စာသင်တက်သည်မှ မြို့များတစ်မြို့ပြီးတစ်မြို့ ပြောင်းခဲ့သလောက် နေရာသစ်ရောက်တိုင်း ဆွမ်းခံအိမ် ဖိတ်ရသည့် တာဝန်မှာ ဒုတိယအခက်ခဲဆုံး အကြောက်ရွံ့ဆုံး အရှက်ဆုံး ဖြစ်ပေသည်။

မိမိဘာသာ အိမ်စဉ်လည်ဖိတ်ကြားဖို့ နေနေသာသာ သူများ ဦးဆောင်ဖိတ်ပေးရာနောက် လိုက်ရ သည်ကိုပင် နောက်နားမှ ရှက်နေ၏။ တိုက်ခန်းများတွင် တံခါး တစ်ချက် ခေါက်နှင့် မရလျှင် ရှေ့မှ လိုက်ဖိတ်ပေးသူ ကိုယ်တော်အား သက်နှိုးစ ဆွဲ၍ ပြန်လှည့်ဖို့သာ အတင်း တကျီကျီ လုပ်သဖြင့် လိုက်ဖိတ်ပေးသူက စိတ်မရှည်ဘဲ ပြန်ခဲ့ရပေါင်း များလှလေပြီ။

တတိယဖြစ်သည့် အရှက်တကာ့ အရှက်ဆုံးကား ဆွမ်းခံအိမ်ရပါပြီ တဲ့။ ဆွမ်းခံကြွပါပြီတဲ့။ ဖွင့်ထားသော

တံခါးပေါက်မှ အိမ်ထဲသို့ ဝင်လာပြီးပါပြီတဲ့။ အိမ်ရှင် ဆွမ်း ဒါယိကာမ ကြီးသည် ကိုယ်တော်များ ဆွမ်းခံဝင်ချိန်မို့ တံခါးကို အသင့် ဖွင့်ထားပြီး မီးဖိုချောင်တွင် ငရုတ်သီးထောင်း ကြက်သွန်ခွါ အာလူးနှာ စသဖြင့် ပြုလုပ်နေပါ၏။ ကိုယ်တော် ဆွမ်းခံကြွဝင်လာပါက မမြင်မည်စိုး၍ အိမ်ရှေ့ဖက် မျက်နှာ မူလျက် ချက်ပြုတ်လုပ်ကိုင်နေပါ၏။ သို့ပါလျက် ဆွမ်းခံ ကိုယ်တော် ဝင်လာသည်ကို အလုပ်ဇောဖြင့် မမြင်လိုက် ဆိုပါစို့။

ထိုနံရောအခါတွင် ဆွမ်းခံကိုယ်တော်မှာ ဧည့်ခန်း ကုလားထိုင်ပေါ်တွင် တစ်ပါးတည်း ထိုင်ရင်း တစ်ချက်ချက်နှင့် လက်တံရွှေ့ နေသော တိုင်မှတိုင်ကပ်နာရီကိုသာ ကြည့်နေရ တော့၏။ ထုတ်ဆုံသံကြောင့် ဆွမ်းဒါယိကာမကြီး မကြားနိုင်ဘဲ ချောင်းခြောက်တွေ့ တမင်လုပ်ဆိုးရင်း ကျောင်းမှ ဆွမ်းစား တုံးခေါက်သံအမီ လုပြန်ရမည့်အရေး ရင်လေး နေရ၏။ ဧည့်ခန်းတွင် စိတ်အကျဉ်းအကြပ်ဖြစ်ကာ ခွေးပြန် နေရသော ဆွမ်းခံကိုယ်တော်တစ်ပါး၏ ဧရာမ အခက်အခဲ ဖြစ်ပေ၏။

ဆွမ်းခံအိမ်တွေကလည်း ရှိသေး၏။ အချိန်ကုန် မခံနိုင်သဖြင့် ထပြန်ရမှာကလည်း အခက်။ ထပြန်သည်နှင့် မီးဖိုထဲမှ ဒါယိကာမကြီး က မလွဲမသွေ တွေ့တော့မည်။ တွေ့ သည်နှင့် ပျာပျာသလဲ အပြေးအလွှား ပြန်ထိုင်ခိုင်းလျှင်

ထိုင်ရတော့မလို ထရတော့မလို ဝင်ရတော့ မလို ထွက်ရတော့ မလိုနှင့် မဟာအရှက်ကြီး ဖြစ်ပေ၏။ အိမ်ရှင် ဒါယိကာမကြီးက လွန်မှ သိ၍ ပြန်အထိုင်မခိုင်းစေကာမူ အကယ်၍ ဧည့်ခန်းမှာ ပစ္စည်းပစ္စယ အပျောက်အရှ ရှိနေချိန်အခါမျိုးနှင့် တိုက်ဆိုင်သွားခဲ့ပါက နေရင်းထိုင်ရင်း ယိုးစွပ်ခံရနိုင်သေးသည်က လည်း တစ်ခက်-- အရှက်။

ဦးပုညအဖို့ 'အခက်သုံးပါး, အရှက်သုံးပါး, စာသင်သား' ဟု အလက်ာချိုးရမလို ဆက်တွေးနေရင်း ဦးပုညမှာ ကယ်မည့်သူမပေါ် ခွေးပြန်မြဲ ခွေးပြန်လျက် ရှိနေပါသတည်း။

အရင်းအတိုင်း ပေးရသူ

တစ်ခါက ကိုရင်နှစ်ပါး ကတောက်ကဆ ဖြစ်ကြပြီး တစ်ပါးက ဘုန်းတော်ကြီးကို တိုင်တန်းလာသဖြင့် ဘုန်းတော်ကြီးမှာ ခေါ်ယူ ရှင်းလင်းပေးရင်း ပြုံးစရာတစ်ကွက် ရလိုက်လေသည်။

ကိုရင်သုမနနှင့် ကိုရင်သောပါကတို့ ဖြစ်ကြ၏။ ကိုရင်သောပါက-က စျေးထဲသွား၍ ရေနွေး ထည့်သောက်ရန် မတ်ခွက် တစ်ခု ဝယ်လာခဲ့၏။

ကိုရင်သောပါက ဝယ်လာသော မတ်ခွက်မှာ ပန်းအခြယ်အသမျှား လှပသဖြင့် ထိုမတ်ခွက်မျိုး ကြိုက်နှစ်သက်ပြီး ကိုရင်သုမနသည် စျေးထဲသွားဝယ်၏။ ထိုပန်းအခြယ်နှင့် မတ်ခွက် မရနိုင်သဖြင့် ပြန်လာခဲ့ရ၏။ ကျောင်းရောက်တော့ ကိုရင် သောပါက ဝယ်ထားသော မတ်ခွက်ကို ပြန်ရောင်းဖို့ ကိုရင် သုမနက အတင်းကပ် ဝယ်နေလေသည်။ စျေးပိုပေးမည်ပြောလို့ပြော၊ ထိုမတ်ခွက်မျိုး တွေ့သည့်အခါ ပြန်ဝယ်ပေးမည်ပြောလို့ပြောနှင့် တတွတ်တွတ် လုပ်နေသည်။ မတ်ခွက်ရှင် ကိုရင်သောပါကမှာ ကြာတော့ နားငြီး၍ လာလေသည်။ ဤတွင် ကိုရင်သောပါက-က ကိုရင်သုမနအား မေးလိုက်၏။

"ဒါလောက်လိုချင်နေရင် ကျုပ်ခွက်ကို အရင်းအတိုင်း တော့ ပေးရမယ်ဗျ"

လိုချင်လွန်းနေသူ ကိုရင်သုမနက 'ပေးမယ်- ပေးမယ်' ဟု ဝမ်းသာအားရ ပြောသည်။ ကိုရင်သောပါက-က 'တကယ်နော်' ဟု အမျှားကြားအောင် ပြောသည်။ ကိုရင်သုမနကလည်း အမျှားကြား အောင်ပင် 'နှစ်ကယ်-- သုံးကယ်' ဟု အော်ပြောလိုက်၏။

"ဒီလိုဆိုရင် ကိုရင့်နှမ ပေးပေတော့။ ကျုပ်က ဒီခွက်ကို နှမပေးပြီး ကျုပ်ယောက်ဖဆီက ရလာတာ။ ယောက်ဖ ဝယ်ပေးတာ"

ကိုရင်သုမနမှာ ဒေါသဖြင့် ရှုးရှုးရှားရှား ဖြစ်လာသည်။ အနီးရှိ ကိုရင်အားလုံးက သဘောတကျနှင့် ဝိုင်းရယ်သဖြင့် ပိုမိုမကျေမနပ်ဖြစ်ကာ ဆရာဘုန်းကြီးသို့ လာတိုင်ခြင်းဖြစ်သည်။ ဘုန်းတော်ကြီး က ကိုရင်သောပါကကို ခေါ်ယူ ဖြေရှင်းခိုင်းကြည့်မှ အကြောင်းစုံ ရုပ်လုံးပေါ်လာခဲ့သည်။

ဘုန်းတော်ကြီးသည် ကိုရင်သုမန ကျေနပ်အောင် နှစ်သိမ့်ပြီး နှစ်ပါးစလုံးကိုပင် ဆိုဆုံးမ၍ လွှတ်လိုက်ရလေ၏။

-------○------

ဟိုဒင်း ဟိုဥစ္စာ

တစ်ခါက ကိုရင်တစ်ပါးသည် ညဖက်တွင် အမြဲလို ဆာတတ်သဖြင့် ဆွမ်းခံရာမှ ထန်းလျက်ခဲ ရလာလျှင် ဖြစ်စေ၊ သက်သက် ဝယ်ခြမ်း၍ ဖြစ်စေ ပုလင်းဖြင့် ဆောင်ထားတတ်လေသည်။ ယခု တလော ဆွမ်းခံမှ ထန်းလျက်ခဲ မရဘဲ မုန့်ပဲသွားရည်စာချည်း ရနေရာ ယင်းတို့ကို တစ်ပါးသူ မမြင်အောင် ဝှက်ထား၍ ညအချိန် ညဝါမရွှတ်ခင် ထန်းလျက် ဝါးသလိုနှင့် တိတ်တိတ်ကျိတ်ကာကျိတ်ကာ စားနေလေသည်။

တစ်ရက်မဟုတ် နှစ်ရက် သုံးရက် ဖြစ်လာသောအခါ တခြား ကိုရင်များ ရိပ်မိလာကြသည်။ တစ်နေ့တွင်မူ ခပ်နောက်နောက် ကိုရင် တစ်ပါးက ထိုကိုရင် ဝှက်သိုထားသော မုန့်ကို သူ့အလစ်တွင် နေရာမှ ပြောင်းရွှေ့ ဝှက်ထားလိုက်လေသည်။

အချိန်တန်သောအခါ ဝှက်ထားသောမုန့် မတွေ့သဖြင့် ပိုင်ရှင်ကိုရင်မှာ နေမထိထိုင်မသာ ဖြစ်နေသည်။ ဘယ်သူ ယူမှန်းလည်း မသိသဖြင့် ဘယ်သူ့အား ဒေါသထွက်ရမှန်းလည်း မသိပေ။ မသက်ဆိုင်သူများကိုလည်း မထိခိုက်စေချင်၊ မသိစေချင်။ အကြောင်းအရာကို အမည်ဖော်၍ကလည်း မဖြစ်။

ကြာတော့ သည်းမခံနိုင်ဘဲ ပေါက်ကွဲ ပွင့်အံ့ထွက်လာတော့သည်။ ထိုကိုရင် ပြောလိုက်သည်မှာ 'ဟေ့- သူများ အတ္ထာပြုမလို့ အတ္ထာပြုထားတဲ့ဥစ္စာ ဘယ်သူ အတ္ထာပြုသွားသလဲကွ' ဟူသတည်း။

❑



ကာရန်အချီ ဘယ်သို့ညီ

သိက္ခာဝါ မရင့်သေးသော ကျောင်းထိုင် ဆရာတော် တစ်ပါးသည် ကဗျာလက်ာ စပ်ဆိုမှု၌ ဝါသနာထုံလေသည်။ အထူးသဖြင့် ရတုပိုဒ်စုံ ဖွဲ့နွဲ့ရခြင်းကို ပို၍ နှစ်သက်လေသည်။ ရတုပိုဒ်စုံမှာ အပိုဒ် သုံးပိုဒ်ရှိပြီး အချီညီ အချညီ စပ်ဆိုရလေသည်။ အချီအချညီ နဘေထပ်များ ရရှိပြီးပါက အတွင်းလက်ာသားသွပ်ရန်မှာ မခဲယဉ်းတော့ပေ။

ဘုန်းတော်ကြီးသည် မိမိတစ်ပါးတည်း ဝါသနာပါရသည်ကို အားမရဘဲ ကျောင်းရှိ ကိုရင်ကျောင်းသား အချို့ကိုပါ သူကဲ့သို့ ဝါသနာပါအောင် လုပ်၍ သင်ကြားလေ့ကျင့်စေသည်။

ဘုန်းတော်ကြီးနှင့် တွေ့လျှင် ဘုန်းတော်ကြီးက ကောက်ကာ ငင်ကာ နှုတ်ထဲတွေ့ရာ တစ်ခုခုကို ရွတ်လိုက်လျှင် အနီးရှိ ကိုရင်ကျောင်းသားမှာ မနေရတော့ပေ။ နဘေထပ်သော် လည်းကောင်း၊ အခံအအုပ် တစ်ခုခုသော် လည်းကောင်း လိုက်ရွတ်နိုင်ပါမှ အဆင်ချောမှာမို့ ဘုန်းတော်ကြီးအားဝေးဝေးကရှောင်နှင့်လျှင် တော်ပေသေး၏။ မရှောင်နိုင်လျှင်ကား ဉာဏ်ထုတ်ပေဦး။

တစ်နေ့ ကျောင်းလေ့ကားမှ တက်လာသော ကိုရင်နှစ်ပါးမှာ ကံဆိုးချင်တော့ ကုဋ္ဌီသို့ ကြွသွားသော ဘုန်းတော်ကြီးနှင့် လေ့ကားဦးတွင် ပက်ပင်းဆုံကြသည်။ ဘုန်းတော်ကြီးက ခေတ္တရပ်၍ ကျောင်းခြေရင်းဘက်မှ ထန်းပင်တန်းကို ကြည့်ကာ 'ရိုးမြင့်ခက်ရှေ' ဟု ရတုအချီပိုဒ်ကို ရွတ်လိုက်၏။ အနီးဆုံးကိုရင်မှာ ခဏတော့ ကြောင်သွားပြီး ခေါင်းထဲပေါ်လာရာ 'တိုးဆင့်ကျက်သရေ' ဟု ကဗျာကသီ ရွတ်လိုက်နိုင်သဖြင့် အဆင်ပြေသွား၏။

တစ်ဖန် ရတုတတိယပိုဒ်အချီအတွက် နောက်ကိုရင်တစ်ပါးအား မေးငေါ့ပြလိုက်ပြန်၏။ ရုတ်တရက် ထိုကိုရင်မှာ သူရွတ်ရမည့် လင်္ကာပိုဒ်ကို ရှာမရဘဲ ဖြစ်နေ၏။ ဘုန်းတော်ကြီးက ထပ်မံ မေးငေါ့ ခံရသောအခါ ထိုကိုရင်သည် ဘုန်းတော်ကြီးအား ကြောက်ကြောက် ရွံ့ရွံ့နှင့် အချီ တတိယပိုဒ်ကို ကောက်ရွတ်လိုက်၏။

'ဂိုးဂွင့်ဂွက်ဂွေ'

ဘုန်းတော်ကြီးသည် ဖြစ်ကတတ် ဆန်း ပြုမူသော ထိုကိုရင်အား စိတ်မရှည်တော့ဘဲ ခြေနှင့်ကန်မည့်ဟန် ရွယ်၍ မနှစ်သက်မှုကိုပြလိုက်၏။ ကိုရင်မှာလည်း ဘုန်းတော်ကြီးအား လန့်ကြောက်ကာ ရှောင်လိုက်ရာ လေ့ကားထစ်မှ ဖင်လျောကျ

သွားပြီး လှေကားရင်းတွင် ချထားသော စဉ့်အိုးကြီးအား သွားဖက်မိရက်သား ဖြစ်သွားသည်။

ကိုရင်အဖို့ရာမှာ အနာအကျင်ကို သတိမထားနိုင်။ ဆရာ ဘုန်းကြီး ကြိုက်နှစ်သက်တော်မူမည့် နဘေကာရန် အသစ်ကို လျှောက်တင်ရန်သာ အရေးကြီးနေ၏။

'အိုးဖြင့် ဖက်သလေ'

ကိုရင် ပြင်၍ရွတ်လိုက်သော တတိယအချီပိုဒ်ကို ကြားရသောအခါ ဆရာဘုန်းကြီးက ပြုံးရင်း ထိုနေရာမှ ထွက်ကြွသွားသဖြင့် သူ့ဆရာ သဘောကျသွားပြီဟု ကိုရင်မှာ ထင်မှတ်ကျန်ရစ်ခဲ့လေ၏။ □



လိုက်လေပြေးလေ ဝေးလေ

မနှစ်မြို့ဖွယ် ပြဿနာတစ်ရပ် ထိပ်တိုက် တွေ့ဆုံမှုမျိုးကို 'နှာခေါင်းနှင့် ကျည်ပွေ့ တွေ့ကြပြီ' ဟု မြန်မာစကားပုံ ဆိုထုံးရှိ၏။ သို့သော် ကျည်ပွေ့နှင့်လိုက်၍ ပြေးရသည့် အဖြစ်အပျက်နှင့်မူ မည်သို့မျှ မသက်ဆိုင်ပေ။

တစ်ခါက ဆွမ်းခံကိုရင်နှင့် ဆွမ်းလောင်းသည့် ဒါယကာတို့၏ အဖြစ်အပျက်သည် ဟာသပုံပြင်တစ်ခုသဖွယ် ဖြစ်ပျက်ခဲ့လေသည်။ ဆွမ်းဒါယကာကြီးသည် ဆွမ်းခံကိုရင်အား ကြည်ညိုအားကြီးသဖြင့် ပစ္စည်းလေးပါး ဒါယကာအဖြစ် ဖိတ်မံ၍ တတ်နိုင်ပါက ပဋ္ဌင်း ဒါယကာအဖြစ်ပင် ခံယူရန် ရည်ရွယ်ထားလေသည်။ ပစ္စည်းလေးပါး ဒါယကာအဖြစ် ဖိတ်မံထားသော်လည်း ကိုရင်သည် ပစ္စည်းလေးပါး အလှူခံရန် ကိစ္စနှင့်ပတ်သက်၍ နှုတ်မှ တစ်ခွန်းတစ်ပါဒမျှ မပြောသဖြင့် ဒါယကာမှာ ဆွမ်းခံကိုရင်အား ပိုလို့ပင် ကြည်ညိုလျက်ရှိပြီး တစ်မျိုးပြီးတစ်မျိုး လှူဒါန်းလျက်ရှိသည်။

ဆွမ်းဒါယကာက ကြည်ညိုသလောက် ဒါယကာ၏ မိန်းမမှာ တွန့်တိုတတ်သူဖြစ်ရာ ဆွမ်းခံကိုရင်အား ဆွေမျိုး

သားချင်း မတော်စပ်ဘဲ ထောက်ပံ့ ပေးနေရခြင်းအပေါ် မနှစ်သက်ပေ။ ပဉ္စင်းခံ၍ ရဟန်းဒါယကာ ဖြစ်ခဲ့လျှင် သည်ထက်သည် ပို၍ထောက်ပံ့ရမည့်အရေး တွေးတောကာ အလကားနေရင်း နေ့စဉ် အကုသိုလ်တက်၍ နေပေသည်။

တစ်နေ့ ဆွမ်းဒါယကာမရှိခိုက် ကိုရင်သည် ဆွမ်းခံ ကြွလာ၏။ ဆွမ်းဒါယကာ၏ မိန်းမမှာ မီးဖိုချောင်တွင် ဆီမွှေးသတ်ရန်အတွက် ငရုတ်နှင့် ကြက်သွန်နီ ရောထောင်း လျက် ရှိနေလေသည်။ ငရုတ် ကြက်သွန် ထောင်းရာမှ ကြက်သွန်ခိုးကြောင့် မျက်ရည်ကျသည့် အခိုက်နှင့် ကိုရင် ဆွမ်းခံကြွလာခိုက်တို့ ကြုံကြိုက်နေ၏။

"ဟင်-- ဒါယိကာမကြီး ဘာပြုလို့လဲ"

ကိုရင်က မေးလာပြီမို့ ဆွမ်းဒါယကာ၏ မိန်းမက လည်း ဖြေရှာပါ၏။

'ကိုရင်ရယ် ပြောလဲမပြောချင်တော့ပါဘူး။ ကိုရင့် ဒါယကာကြီးက သဒ္ဓါတရားမျိုးကတော့ အတော်ရှားတယ်။ ကိုရင်သိတဲ့ အတိုင်းပဲ။ ဒါပေမယ့် ငယ်ငယ်က ဆေးဆရာနဲ့ အောက်လမ်းဆေး ထိုးထားလို့လား မသိဘူး။ ငရုတ်ကျည်ပွေ့နဲ့ နည်းနည်းမှကို မတည့်ဘူး။ ငရုတ်ကျည်ပွေ့ တွေ့ရင် တစ်ခါတည်း ကောက်ကိုင်တဲ့ပြီး အနီးရှိတဲ့သူ ဘယ်သူကိုမှ မထားဘူး။ ငရုတ်ကျည်ပွေ့နဲ့ လိုက်ထုတော့ တာပဲ။ အဲဒါတစ်ခု

က ဘာမှန်းကို မသိဘူး။ အိမ်မှာဆိုရင် ငရုတ်ကျည်ပွေ့ကို သူမမြင်အောင် ဝှက်ထားရတယ်။ မတော်လို့ သိမ်းဆည်းဖို့ မေ့ပြီး ကိုရင့်ဒကာကြီး တွေ့သွားပြီဆိုတာနဲ့ လွတ်အောင်သာ ပြေးပေတော့ပဲ။ စောစောတုန်းက တပည့်တော် လွတ်အောင် မပြေးနိုင်လို့ ငရုတ်ကျည်ပွေ့နဲ့ထုတာ ခံထားရတယ် ဘုရား။ တပည့်တော်ကိုကလဲ ဝင်ဖြီးပါတယ်။ အဲဒါ ကိုရင့်ကိုလဲ သတိပေးမယ် သတိပေး မယ်နဲ့ ခုမှ ကိုရင့်ဒကာကြီး မရှိတုန်း သတိပေးထားရတယ် ဘုရား”

ကိုရင်မှာ ဆွမ်းဒါယကာ မိန်းမ၏ စကားကို အမှန်ဟု ယုံကြည်ပြီး ကျောပင် စိမ့်သွားသည်။ သက်နှံ့ရုံကြီးနှင့် ဆွမ်းသပိတ်ကြီးနှင့် ဆိုပါက ဆွမ်းဒါယကာ၏ ကျည်ပွေ့ လက်မှ လွတ်ရန်မလွယ် ဟုလည်း တွေးမိ၏။ သည်ဒါယကာနှင့် ဆက်လက်၍ ဆက်ဆံနေလျှင် တစ်နေ့မုချ အရှက်တကွဲ အကျိုးနည်းနိုင်သည်ဟု လမ်းတစ်လျှောက်လုံး စဉ်းစားလာခဲ့သည်။

ကိုရင် ဆွမ်းခံမကြွသည်မှာ သုံးလေးရက် ရှိပေပြီ။

ဆွမ်းဒါယကာမှာ တမျှော်မျှော် စောင့်ရှာ၏။ မိန်းမကလည်း ရိပ်မိလျက်နှင့် မြုံထားပြီး သုံးရက်ခန့်ရှိမှ ပြောပြသည်။

“ခုမှ သတိရတယ် ကိုရင့်ဒကာကြီးရေ။ ဟိုတစ်နေ့ ရှင်မရှိတုန်းက ရှင့်ကိုရင် အလှူမခံ[illegible] အလှူမခံဘူးနဲ့

အလျှုခံမယ့်ခံတော့ ပေါက်ပေါက်ရှာရှာ ငရုတ်ကျည်ပွေ့ အလျှုခံတယ်တော့။ ကျမလဲ ပေါက်တီးပေါက်ရှာဆိုပြီး မလျှုလိုက်ဘူး။ ဒါကိုမျှား ရှင့်ကိုရင်က စိတ်လုပ်သွားသလားမှ မသိ ရှင်ရေ"

မိန်းမစကား ကြားရသောအခါ ဆွမ်းဒါယကာမှာ အံ့သြရမည့်အစား စိုးရိပ်ပူပန်သွားသည်။

"မင်းနှယ်ကွာ-- ကျောင်းမှာ အသုံးလိုလို့ ဖြစ်မှာပေါ့။ လျှု လိုက်ကရောပေါ့။ သွားယူစမ်း -ငရုတ်ကျည်ပွေ့။ ငါ့ကိုရင် ဟိုဖက်လမ်းမှာ ဆွမ်းခံကြွမလာပဲ"

ဆွမ်းဒါယကာသည် ငရုတ်ကျည်ပွေ့ လက်မှာကိုင်၍ အနောက်လမ်းသို့ ထွက်လာခဲ့သည်။ လမ်းထိပ်အရောက် ထိုလမ်းထဲသို့ ဆွမ်းခံကြွလာသော ကိုရင်နှင့် ခပ်လှမ်းလှမ်းမှာ ပင် ပက်ပင်းတိုးတော့သည်။ ကိုရင်ကလည်း ဆွမ်းဒါယကာကို တွေ့ရာ ဆွမ်းဒါယကာ၏ လက်ထဲမှ ငရုတ်ကျည်ပွေ့ကို မြင်သည်နှင့် နောက်ကြောင်းသို့ ပြန်လှည့်ပြီး တစ်ချီးတည်း လစ်တော့သည်။

"ကိုရင်ဘုရား ရပ်တော်မူပါဦး ဘုရား"

ကိုရင်က နောက်သို့ တစ်ချက်လှည့်ကြည့်၏။ ကိုရင် လှည့်ကြည့်သောအခါ ဆွမ်းဒါယကာက ငရုတ်ကျည်ပွေ့ကို

ထောင်ပြ၏။ ထိုအခါ ကိုရင်၏ ခြေလှမ်းမှာ မူလထက် နှစ်ဆ သွက်ပစ်လိုက်တော့၏။

ဒီလိုနှင့် ကိုရင်က ပြန်လှည့်ကြည့်ရင်း ဆွမ်းဒါယကာက ငရုတ်ကျည်ပွေ့ ထောင်ပြရင်း ထိုအခါ ကိုရင်က ခြေလှမ်းသွက်ပစ်ရင်းနှင့် ကြာတော့ ဆွမ်းဒါယကာနှင့် ကိုရင်တို့မှာ ဝေးသည်ထက် ဝေးသွားသည်။ ဝေးရုံသာမက ဆွမ်းဒါယကာနှင့် ကိုရင်တို့ ပြန်လည် မဆုံဆည်းကြတော့သည်မှာ ထိုနေ့မှစ၍ ယနေ့ထက်တိုင် ဖြစ်တော့လေသတည်း။ ❑

ကိုရင်ကြီး ပုတီးစိပ်

လူများအဖို့ ဥပုသ်စောင့်ရင်း၊ နေ့ညဘုရားဝတ်တက်ရင်း ပုတီးစိပ်ကြရာဝယ် အများအားဖြင့် ဂုဏ်တော်ကို စိပ်ကြသည်။ 'အရဟံ' ဂုဏ်တော်တစ်ခုတည်း အနက်သုံးမျိုးဖြင့် ပုတီးစိပ်တတ်သလို အနိစ္စ- ဒုက္ခ- အနတ္တ လက္ခဏာရေးသုံးပါးတင်၍ ပုတီးစိပ်သူလည်း ရှိသည်။ ဂုဏ်တော်စိပ်နည်း၊ လက္ခဏာရေးသုံးပါး စိပ်နည်းကို ပင်လျှင် ပုတီးစေ့ တစ်ရာ့ရှစ်လုံးနှင့် တွက်၍ နည်းမျိုးစုံဖြင့် စိတ်သန်သလို စိပ်ကြသည်လည်း ရှိသည်။

ရဟန်းသံဃာများမှာမူ အထက်ပါ ပုတီးစိပ်နည်းများနှင့် မပြီးပေ။ ပစ္စည်းလေးပါး သုံးစွဲမှုအပေါ် ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးစွဲရသဖြင့် ၄င်းဆင်ခြင် ပုတီးစိပ်နည်း တစ်ခုပါထပ်ဆောင်းရ၏။ ရဟန်းသံဃာများမှာ ဒကာ ဒကာမများ လျှုဒါန်းသည့် ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးကို အလျှုခံ၍ သုံးဆောင်ရပေရာ မသုံးဆောင်မီ လည်းကောင်း၊ သုံးဆောင်ဆဲ လည်းကောင်း၊ သုံးဆောင်ပြီး လည်းကောင်း ကာလတိုင်းမှာ နှစ်သက်သာယာမှု မဖြစ်စေရန် အမှတ်သတိ

ဖြင့် ပစ္စဝေက္ခဏာ ဆင်ခြင်၍ ပုတီးစိပ်ရပေသည်။ ဆွမ်း သက်နှိုး ကျောင်း ဆေး ပစ္စည်းလေးပါး သုံးဆောင်မှုတွင် "ပဋ္ဌိသခ်ါယောနိသော" အစခ်ီ ပါဠိလိုပုတီးစိပ် ၄-ပုဒ်ရှိပြီး ၄င်းကို မြန်မာအနက်ဖြင့် ရှေးဆရာတော်ကြီးများက လက်ဖွဲ့ ထားရှိခဲ့ပါသည်။

သက်နှိုး- ချမ်းပူကိုဖျက်၊ ခြင်၊ မှက်, လေ, နေ၊ ကင်း, မြွေ လွဲသုန်၊ ဟိရိဂုဏ်ကို၊ ကုန်စေတတ်စွာ၊ ကိုယ်အင်္ဂါကို၊ လုံပါစေလို၊ ကိုယ်ကိုစံပယ်၊ ဆင်ခြင်မယ်ဟု၊ စိတ်ဝယ်မှတ်သန်း၊ ဤသက်နှိုးကို၊ ဖုံးလွှမ်းသုံးဆောင်ပါသတည်း။

ဆွမ်း- ဤသည့်စားဖွယ်၊ အမယ်မယ်ကို၊ မြူးရယ် မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှါ၊ မသုံးပါဘူး၊ လေးဖြာ ဓာတ်ဆောင်၊ ဤကိုယ်ကောင်ကို၊ ရှည်အောင်တည်လျက်၊ အသက်မျှတမ်း၊ မမောပန်းငြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာ ကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာ ဟောင်းသစ်၊ မဖြစ်စေရ၊ ယာပိုထ်မျှလစ်၊ ခပ်သိမ်းပြစ်ကို၊ မဖြစ်လေ အောင်၊ ချမ်းမြွေ အောင်ဟု၊ သုံးဆောင်မှီဝဲပါသတည်း။

ကျောင်း- ချမ်းပူကိုဖျက်၊ ခြင်, မှက်, လေ, နေ၊ ကင်း မြွေ ဝေးမှ၊ ဥတုဘေးဘျမ်း၊ မသန်းကင်းစင်၊ စိတ်ကြည်လင် ကြောင်း၊ နေရာကျောင်းကို၊ ကိန်းအောင်းမှီခိုပါသတည်း။

ဆေး- ကျင်နာခံခက်၊ နှိပ်စက်ဖိစီး၊ ဖြစ်ပြီးဖြစ်လာ၊ ဝေဒနာ ကို၊ စွန့်ခွါပယ်လျှင်း၊ ဆင်းရဲကင်း၍ လူမင်း မြတ်စွာ၊ သာသနာကို၊ ကောင်းစွာကျင့်ဆောင်၊ ဖြည့်နိုင်အောင်ဟု၊ သုံးဆောင်မှီဝဲပါသတည်း။

မြန်မာလို အဓိပ္ပာယ်မှန်းပြီး 'ပဋ္ဌိသခ်ါယောနိသော' လေးပုဒ် ကို ပါဠိလိုဆို၍ ပုတီးစိပ်လျှင်လည်း ရ၏။ မြန်မာလို လက်ာနက်ကို ဆို၍ ပုတီးစိပ်လျှင်လည်း ရ၏။

ကျေးလက်တောရွာများတွင် ရှင်ပြုတော့မည်ဆိုလျှင် အလျှူ ရက်မတိုင်မီ ၂-လခန့်က ကြိုတင်၍ ရှင်လောင်းကို ဆရာဘုန်းကြီးကျောင်းသို့ ပို့အပ်ကာ သက်နီးတောင်း, သက်နီးကပ်, ဆယ်ပါးသီလ, ပစ္စဝေက္ခဏာ ပုတီးစိပ်တို့ကို ဆရာဘုန်းတော်ကြီးထံမှာ သင်ယူထားရသည်။ သို့မှသာ သက်နီးဝတ်နှင့် ၇-ရက်ပဲနေနေ တစ်လပဲပဲနေနေ ရှင်ကျင့်ဝတ်နှင့်အညီ နေထိုင်ကာ နေနိုင်သမျှ အကျိုးများနိုင်လေ၏။ ထိုထက်မက ရှင်ရဟန်းဘဝ၏ အနှစ်သာရကို တီးမိခေါက်မိသည်နှင့်အမျှ ရတနာသုံးပါး ကိုးကွယ်ယုံကြည်မှုခ် ခိုင်မာရင့်ကျက်မည် ဖြစ်ပေသည်။

မြို့ရပ်များတွင်တော့ ထိုသို့မဟုတ်၊ ရှင်ပြုပွဲနေ့ကျမှ သရဏဂုံကို မနည်းပီသအောင်လုပ်၍ ကိုရင်ဝတ်ပေးလိုက်ရပြီး 'ပဋ္ဌိသခ်ါ ယောနိသော' ဆိုသည်ကို ကြားပင်မကြားဖူးလိုက်ဘဲ ၇-ရက် နေပြီးဟော့ လူဝတ်လဲ သွားတတ်ကြပေသည်။

တောရွာအဆက်ရှိသောမြို့ရပ်မှ အချို့မိဘများသည်မူ ရှင်ပြုပြီးစ ကိုရင်ကလေးများကို သက်နှံးဝတ်နှင့်ပင် အတိုးအတွား ဆွေမျိုးများရှိရာ တောရွာသို့ ခေါ်ဆောင်၍ သွားရောက်ပြသ လည်ပတ်ကြ၏။ ရွာမှ ဘကြီး ဘထွေးတို့က ဝမ်းမြောက်စွာ ဆီးကြိုကြပြီး မြေး, တူ ကိုရင် ကလေးများအား ချစ်စနိုးနှင့်လည်း စကြ နောက်ကြသည်။

"ကိုရင်-- ပုတီးစိပ် ရလား"

"ဘာပုတီးစိပ်လဲ၊ အမေကြီး, အဖေကြီးတို့ဆိုတဲ့ ဘုရားစာ အရဟံ-လား"

"မဟုတ်ဘူးလေ ကိုရင်ရ၊ ပဋ္ဌိသခ်ီယောနိသော-အပ္ပိုမြင် ငါ့ကိုပြော၊ ပုတီးတစ်လုံး ချောက်ခနဲ၊ အပ္ပိုမြင် ငေါက်ခနဲ"

ရွာဦး ဘုန်းတော်ကြီးကျောင်း ပတ်ဝန်းကျင်ဝယ် ပဋ္ဌိသခ်ီ ယောနိသော ပုတီးစိပ်နှင့်ပတ်သက်၍ ဟာသတစ်ပုဒ်ပင် ဖြစ်၍နေ၏။ သို့သော် ပဋ္ဌိသခ်ီယောနိသော ပုတီးစိပ်ကို ကြားဖူးခြင်း မရှိသော မြို့ရပ်မှ ဒုလ္လဘ ကိုရင်ကလေးများအဖို့ အနှီဟာသမှာ သူတို့နားမလည်သော ဘာသာစကားတစ်ခု ဖြစ်၍ နေတော့သည်။ ထို့ပြင် မြို့ရပ်ဒေသ ရှင်ပြုသည့် ကိုရင်များမှာ 'အပ္ပိုမြင် ငေါက်ခနဲ' အရွယ်များ လည်း မဟုတ်ကြပေ။

တောရွာများတွင်တော့ တချို့မှာ ငွေကြေး မပြည့်စုံသဖြင့် ရှင် မပြုနိုင်ဘဲ အရွယ်လွန်ခါမှ ကိတ္တိမသားအဖြစ် သူများကယူ၍ ရှင်ပြုပေးရသည်များ ရှိရာ ထိုကိုရင်မှာ လူပျိုပေါက်အရွယ် ဖြစ်၍ နေသည်။

တစ်ခါက ရွာဦးကျောင်းတွင် လူပျိုပေါက်အရွယ် ကိုရင် တစ်ပါး ရှင်ပြုသင်္ကန်းဆီးရာတွင် ပါလာသည်။ အခြား ကိုရင်များ ပစ္စဝေက္ခဏာ ပုတီးစိပ် သင်အံကျက်မှတ်ရာတွင် ဉာဏ်နုံ့နှေးသူပင်လျှင် နှုတ်ပူတိုက်များသောအခါ ကြာတော့ နှုတ်တက်ကာ ရသွား၏။ လူပျိုပေါက် ကိုရင်ကြီးမှာမူ ဉာဏ်ကလည်း ခပ်လေးလေး ပြင်ပအာရုံကလည်း များသူမို့ ပုတီးစိပ်ကို မရနိုင်ဘဲ ရှိလေသည်။

ညနေဖက်တွင် ကိုရင်များစုရုံး၍ ပဋ္ဌိသခ်ါယောနိ သော ပါဠိ ၄-ပိုဒ်ကို နှုတ်မှထုတ်ဆိုကာ ပုတီးစိပ်ကြ၏။ ပစ္စဝေက္ခဏာ တစ်ပုဒ် ဆုံးလျှင် ပုတီးတစ်လုံးချ၍ ပုတီး တစ်ပတ်ရအောင် စိပ်ကြရ၏။ လူပျိုပေါက် ကိုရင်ကြီးမှာ အလွတ်နှုတ်တက်ရသူ မဟုတ်သဖြင့် စာအုပ်ကို ရှေ့ချ၍ ကြည့်ဖတ်ရသည်။ စာဖတ်လည်း အသွက်နှေးရာ အခြား ကိုရင်များ ပုတီးတစ်ပတ် ပြည့်ချိန်တွင် သူ့မှာ ပုတီးတစ်ဝက် မရှိတရှိ ကျန်သေးသည်။

ဤတွင် ကိုရင်ကြီးသည် ရှင်ကျင့်ဝတ်စာအုပ်ကို ပိတ်လိုက်ပြီး ကျန်ပုတီးလုံးများကို တစ်လုံးချင်း စိပ်၍ ချနေတော့သည်။

"၄င်း----၊ ၄င်း-----၊ ၄င်း------"

ဇယား မျက်နှာတွင် အတူပြသည့် သဘောမျိုးဖြင့် နှုတ်မှ (၄င်း) ဟု ဆိုလိုက်၊ ပုတီးတစ်လုံး စိပ်ချလိုက်နှင့် မကြာခင် ပုတီးတစ်ပတ် ပြည့်သွားတော့သည်။ ကိုရင်များက ရယ်ကြသောအခါ ကိုရင်ကြီးက ပြန်ပြော၏။

"ဘာရယ်တာ လဲကွ။ မင်းတို့ မတွေ့ဘူးလား။ စာအုပ်တွေထဲမှာ အတူပြ ချင်ရင် (၄င်း- ၄င်း) နဲ့ဟာ တရားပါဠိစာအုပ်တွေထဲမှာလဲ ပါတာပဲ။ မယုံရင် ဘုန်းကြီးသွားလျှောက်ကြည့်"

ခပ်ရဲရဲ ကိုရင်တစ်ပါးက ဆရာတော်အား သွားလျှောက်သည်။ ဆရာတော်က ပြုံး၏။ ကိုရင်အားလုံးကို ခေါ်၍ မိမိပြုလုပ်သည့် စေတနာကံနှင့် ညီမျှသော အကျိုးပေးပုံ အကြောင်း ဟောပြောသည်။ ကုသိုလ်အလုပ်ကို မဖြစ်မနေ ပြုလုပ်ရသည့် အလုပ်ဟု သဘောထား လုပ်ဆောင်ကြရန်နှင့် အလွယ်မလိုက်ကြရန် ဆုံးမလေသတည်း။ ❑

-------o------

အတိုင် နှင့်အဖောက်

စာသင်တိုက်ဆရာတော် သက်တော် ၇၅-နှစ်မြောက် စိန်ရတုမွေးနေ့ပွဲကို ဒကာ ဒကာမများက အကုန်အကျခံ၍ ကျင်းပကြသည်။ သံယာတော် ၇၅-ပါးအား ဆွမ်းဆက်ကပ်ခဲ့ပြီး ဖိတ်ကြားထားသော လူဒါယကာများကိုပါ ကျွေးမွေးပြီး၍ အိုးခွက်ပန်းကန်များ တိုက်ချွတ်ဆေးကြောလျက် ရှိကြသည်။

ထိုစဉ် လင်မယားနှစ်ယောက် နောက်ကျ ရောက်ရှိလာရာ ထမင်းဟင်း အကြွင်းအကျန်များ ရှာဖွေပေးကြရ၏။ အနှီ လင်မယားစုံတွဲသည် မနီးမဝေးတွင်ပင် နှစ်ယောက်သား ထိုင်၍ စားသောက်နေကြ၏။ လင်မယား နှစ်ယောက်မှာ ကံတူ အကျိုးပေးဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နှစ်ဦးစလုံးမှာ နှုတ်ခမ်းပွဲများ ဖြစ်နေကြလေသည်။ တစ်ဦးက ဘယ်ဘက်ကပွဲ၍ တစ်ဦးက ညာဘက်က ပွဲနေခြင်းသာ ခြားနားကြလေသည်။

ပေးကမ်းထားသော ထမင်းဟင်း အကြွင်းအကျန်များကို စားသောက်ကြပြီးနောက် ယောက်ျားသည် မီးဖိုအနီးသို့လာ၍ ချိုင့်ဖြင့် ရေနွေးကြမ်း တောင်းလေသည်။ ဖိုအနီးရှိသူ တစ်ဦးက

အတိုင်နှင့် အဖောက်

ဖိုပေါ်မှ ရေနွေးဖျူကို မပေးဘဲ စေတနာဖြင့် ဖိုသမားများ သောက်ရန် လက်ဖက်ခြောက်ကျကျခတ်ထားသော ရေနွေးအိုးမှ ယူ၍ ထည့်ပေးလိုက်၏။

ယောက်ျားသည် မယားရှိရာသို့ ရေနွေးချိုင့်ကို ယူ သွားပြီး မယားအား ဦးစွာသောက်စေသည်။ မယားဖြစ်သူ သည် ရေနွေးချိုင့်ကို နှုတ်ခမ်းအနီး တိုးကပ်၍ သောက်မည် လုပ်ပြီးမှ တွန့်သွားကာ. . .

"ရေနွေးက ဟူလိုက်တာ"

နှုတ်ခမ်းပဲ့မှ လေထွက်သံဖြင့် ပြောလိုက်ခြင်း ဖြစ်၏။ ထိုအခါ ယောက်ျားက မယားအား ပြန်ပြောလိုက်သည်။

" ဟူရင် ဟုတ်သောက်"

နှုတ်ခမ်းပဲ့မှ လေထွက်သံဖြင့်ပင် ပြန်ပြောလိုက်လေ သည်။

ထိုလင်မယားတို့၏ အချိုအချ ပြောသံကို ကြားရသော အလှူဝေယျာဝစ္စ ပြုသူများမှာ မပြုံးဘဲ မနေနိုင်ကြပေ။ သူ့ဟာနှင့် သူ့ကျတော့လဲ အန်ကျသားပဲဟုလည်း အတွေးပေါက်မိ ကြလေ ၏။ ❑

----------o---------

ဂါထာတစ်ချက် ပါဠိအနက်

တုံယော တွပ္ပေါ တပ္ပဒေါ စ၊
နူပေ ဝဏ္ဏေန္တိ နွာအခေ။
ကလာကဝေ မျာသိခဏ်၊
အယာခွေ ကာစေန္တိ ပါတယေ။

တုံယော စ၊ ဖြူနီကြောင်ကျား နားရွက်ပြားနှင့် သနားစဖွယ်လွန်ကောင်း တောယုန်ငယ် အပေါင်းတို့သည် လည်းကောင်း၊ တွပ္ပေါ စ၊ ညစ်ညစ်ညိုညို ပုတ်သင်ညိုသို့ တွင်းခိုမြေအောင်း မိကျောင်းအနွယ် ရောင်ဆင်းသွယ်သည် မတင့်မတယ် မချောမမွတ်နှင့် တောဖွတ်တို့သည် လည်းကောင်း။ တပ္ပဒေါ စ၊ ဖွတ်လောက်မကြီး အမြီးသွယ်သွယ် ပြောက်ကျားခြယ်၍ ကောင်ငယ်ငယ် မျောချပ်ချပ်နှင့် တောပဒတ်တို့သည် လည်းကောင်း။ နွာအခေ၊ နှင်းအကုန် ဆောင်းအဆုတ် သဲဖုတ်မြူထန် လေပြန်ဝဲမွှေ ယော်ရွက်ကြွေကာ ပူနေချစ်တောက် ရေခန်းခြောက်သည် ချွေးပေါက်ပေါက်ကျ နွေကာလ နွေအခါ၌။ နူပေ၊ ကမ္ဘာပျက်ယွင်း နေဆယ်စင်းသို့ ပူပြင်းလောင်ညီး နေအပူကြီး ပူသည်ရှိသော်။ ဝဏ္ဏေန္တိ၊ အသိုက်ထဲ နေလဲ ရှောင်မလွတ် ရေဆွတ်သော်လဲ ခြောက်သရောင်း တွင်း

အောင်းလို့လဲ နေမချိ နေမထိထိုင်မသာ အတွင်းအပြင် ဝင်ထွက် ကာသာ နေကြလေကုန်၏။

ကလာကဝေ၊ ကျွဲကျောင်း, နွားကျောင်း ရာသီ ကျောင်းကာ ချိုးဘည်ခါလိုက် ဖားနှိုက်ငါးပက် တောတက်ချုံတိုး မုခ်ဦးဂလေ ပေဘေတေနှင့် ကလေကဝ လူဗာလတို့သည်။ ရာသီခင်၏ ကျားမင်း ရှေ့မှောက် သားဒုံးထောက်လဲ ပမာနဲ့သို့ ကဲမွဲသူတို့ကြမ္မာ မြင်တွေ့လေသည့်အခါတွင်။ (တေ၊ ကြမ္မာ ချွတ်လွဲ ကံကြွင်းမွဲသည့် အနဲနဲပုံ ထိုဖွတ်ပဒတ်ယုန်တို့ကို။ သုပ္ပတ္တာ၊ သားကောင်အဖမ်း အင၏မှာ ကျွမ်းကျင်သူ ဘသားချောတို့က လမ်းကျောကို ဖြတ်ဖြုတ်၍ ဖမ်းဆီးသတ်ပုတ်ကြ ကုန်လျက်။) ပါတယေ၊ တစ်ရပ်နှင့်တစ်ရပ် တစ်နယ်နှင့် တစ်နယ် လမ်းပန်းဆက်သွယ်ဖို့ ခုတ်ပယ်ရှင်းလင်း ကားနှစ်စင်း ယှဉ်၍သွားနိုင်စရာ ဟိုက်ဝေးလမ်းမ ပေတစ်ရာ၌။ အယာခွေ၊ သားသေကောင်ကို ပေါင်ဖြတ်ခေါင်းလှီး မီးမွှေးထင်းရှာ မီးမြိုက်ကာ အရေခွာ၍။ ကာစေန္တိ၊ ညှပ်ကပ်နှင့်တစ်မျိုး တံစို့ထိုးလို့ နည်းတစ်ဖုံ မီးပုံကြီးပတ်ပတ်ရံ၍ ဆားနုန္ဓင်း အခံရဲရဲကို ကိုက်ခဲကာ ဝါးစားဖို့ အညာတာအသနား မကပ်ဘည့် မုဆိုးတော် ဖော်တစ်သီးတို့မှာ မတော်မတီး လျှာပြင် ဘယားယားနှင့် ပျော်ပျော်ကြီးသာ ကင်စားကြလေကုန်သတည်း။

❑

ဦးသူတော့် ပါဠိစာ

ရွာနှင့် မနီးမဝေး သရက်ပင်တောရကျောင်းတွင် သီတင်းသုံး နေသည့် တောရ ဆရာတော်ဘုရားကြီးအား ဝတ်ကြီး ဝတ်ငယ် ပြုလျက်ရှိသော ဖိုးသူတော်ကြီး ဦးတောကွယ်လွန်လေပြီ။

သတင်းကြားသဖြင့် ရွာနီးချုပ်စပ်မှ ဒါယကာများ ရောက်ရှိလာပြီး တောရဆရာတော်ကြီး၏ သြဝါဒအတိုင်း အကျယ်တဝင့် မပြုလုပ်ကြတော့ဘဲ ဖိုးသူတော်ကြီး၏ အလောင်းကို သရဏာဂုံတင်ပြီး သုသာန်ထုတ်၍ မီးသင်ဖြိုဟ်ကြရန် ပြင်ဆင်လျက်ရှိသည်။ အလောင်းတင်ရန် ဝါးခုတ်၍ ကပ်လုပ်သူလုပ်၊ ဖိုးသူတော်ကြီး၏ အခန်းကို ရှင်းလင်းသူ ရှင်းလင်းနှင့် အလုပ် ရှုပ်နေကြသည်။

ဖိုးသူတော်ကြီး၏ ခုတင် ဖျာအောက်မှ ငွေ ၁၀-ကျပ် နှင့် စာတစ်စောင်ကို အခန်းရှင်းသူများ တွေ့ရှိသဖြင့် ဝိုင်းဖတ်ကြသည်။

"ယ သော ရာဇာ သုန္ဒသ မုနိ သုဒ္ဓါ ဒဒေယျာထ"

စာမှာ တစ်ကြောင်းတည်းဖြစ်ပြီး ပါဠိစာဖြစ်၍ အဓိပ္ပာယ် မသိရကား အမျိုးမျိုး အဖုံဖုံ ပြောဆိုနေကြပေသည်။ ဘုရားရှိခိုးစာဟု ထင်သူက ထင်ကြသည်။ နောက်ဆုံးတွင် ဒါယကာတစ်ဦးက စာကို တောရဆရာတော်ကြီးအား သွားပြ လျှောက်ထားသည်။ ဆရာတော် ကြီးမှာ လောကီအရေးအရာ ကို စိတ်ဝင်စားသည် မဟုတ်သဖြင့် အလေးအနက်မထားပေ။ ပါဠိကို အဓိပ္ပာယ်ပြန်၍ မှတ်ချက်ပေး၏။

"ဒကာတို့ ထင်သလို ဘုရားရှိခိုးလဲ မဟုတ်ဘူး။ ရဖူးတဲ့ ပါဠိတွေထဲမှာလဲ ဒါမျိုး မရှိပါဘူး၊ သဒ္ဒါရေးလဲ ပါတာမဟုတ် တော့ ဦးသူတော်ကြီး မတတ်တတတ်နဲ့ ရေးမှတ်ထားတဲ့ ပါဠိပျက်စာတစ်ခု ဖြစ်မှာပါ"

ဦးသူတော်ကြီး၏ရုပ်အလောင်း ပြာကျခဲ့ပြီး၍ ၇-ရက် အကြာတွင် ရက်လည်ဆွမ်းသွတ်ပေပြီ။ ထိုနေ့တွင် ရပ်နီး ရပ်ဝေး ပရိသတ် စုံသလောက် ရှိနေ၏။

ဖိုးသူတော်ကြီးအား သင်ကြိုဟ်သည့်နေ့က ခရီးလွန်နေ သော ဖိုးသူတော်ကြီး၏ တစ်ဦးတည်းသော တူမဖြစ်သူ မိနုမှာ ဆွမ်းသွတ် ရေစက်ခွက်ကို ကိုင်ရသည်။ ကိစ္စပြီး၍ ဦးသူတော် ကြီး၏ ကြွင်းကျန် ရစ်သော ပစ္စည်းပစ္စယ အတိုအထွာများကို ဆရာတော်ကြီးက မိနုတို့လင်မယားအား အမွေသဘောမျိုး

စွန့်ကြဲပေးအပ်စေရာတွင် ဖိုးသူတော်ကြီး၏ အိပ်ရာ ဖျာ အောက်မှ တွေ့ရှိရသော ငွေ ၁၀-ကျပ် နှင့် စာတစ်စောင်လည်း ပါဝင်လေသည်။

ထိုအခါတွင်မှ တောရဆရာတော်ကြီးမှာ ဖိုးသူတော်ကြီး ထားခဲ့သော ပါဠိစာကို ခြေရာခံမိတော့သည်။ မိနုန့ှင့် သူ့ခင်ပွန်း သာဒုတ်တို့အား မေးရ၏။

"ဟဲ- မိနု၊ သူတော်ကြီး နင်တို့ကို ခါတိုင်း ဘာပေးတတ်သလဲ"

"ဘာမှတော့ ထွေထွေထူးထူး မပေးတတ်ပါဘူးဘုရား။ ထမင်းခြောက်ရောင်းလို့ရတဲ့ ငွေလေးတော့ တစ်ခါတစ်ခါ ပေးတတ်ပါတယ်။ အဲဒီငွေနဲ့ သူ လိုချင်တာ ဝယ်ခိုင်းတတ်ပါ တယ် ဘုရား"

တောရဆရာတော်ကြီးက ခေတ္တစဉ်းစားပြီး ပြုံး၏။

"ဟိုနေ့က သူတော်ကြီးရဲ့ အိပ်ရာအောက်က ရတဲ့စာခုမှ အဓိပ္ပာယ် ဖော်လို့ရဘော့တယ်။ ထ-က (ထ) ယူ။ သော-က (ခြောက်) ကို ယူ။ ရာဇာ-က (မင်း) ကို ယူ။ သုန္ဒသ-က (တစ်ဆယ်)။ မုနိသုဒ္ဓါ-က (မိနု) နဲ့ (သာဒုတ်)။ ဒဒေယျာထ-က (ပေးကြရာ၏) တဲ့။ အဓိပ္ပာယ် ပေါင်းလိုက်တော့ (ထမင်းခြောက်ဖိုး ငွေ ၁၀-ကျပ်ကို မိနုန့ှင့် သာဒုတ်အား ပေးကြလေ) တဲ့။ ပါဠိစစ်တာက (ဒဒေယျာထ) တစ်ခုပဲ ပါတယ်"

ဒါယကာအများစုမှာ ပါဠိသဒ္ဒါနှင့် ဝေးကြရကား နားမလည်သဖြင့် ပြုံးရုံသာ ပြုံးကြ၏။ ပင့်သံယာများနှင့် ပရိသတ်ထဲမှ လူပြန်တော် နှစ်ဦးစ သုံးဦးစတို့မှာ ရယ်မော ကြရုံသာမက တစ်ဆင့် ဖောက်သည်ချ ရယ်သွမ်းသွေးကြဖို့ရာ ဖိုးသူတော်ကြီး၏ ထိုပါဠိဆန်းကို ရေးမှတ် ထားလိုက်ကြလေ တော့သည်။

ထ - ထ
သော -ခြောက် ┐
ရာဇာ-မင်း ┘ ထမင်းခြောက်ဖိုး
သုန္ဒသ- တစ်ဆယ်ကို
မုနိသုဒ္ဓါ- မိနုနှင့် သာဒုတ်တို့အား
ဒဒေယျာထ- ပေးကြပါလေ။ ❑

တွဲ နှင့် တွန်

ပရိယတ်စာပေလောကတွင် ပါဠိတော်, အဋ္ဌကထာ, ဋီကာ , အနုဋီကာ, ဂဏ္ဌိ, ယောဇနာ စသည်ဖြင့် ရှိလေသည်။ ဘုရားရှင်၏ မုခပါဠိပါဠိတော်ကို ဦးတည်၍ ဗုဒ္ဓမတည်မူ မထေရ်ကြီးများက အဆင့်ဆင့် ဖွင့်ပြရှင်းလင်းကြလျက် ပရိယတ်ပင်စည်ကို ဝေစည်ပြန့်ကား အညွှန့်လူပေးကြခြင်း ဖြစ်လေသည်။ သို့နှင့် ဗုဒ္ဓဘုရားရှင်၏ အဆုံး အမ သာသနာတော်သည် ပြီးပြည့်စုံသော ဘဏ္ဍာသိုက်အဖြစ်သို့ ရောက်ရှိကာ ဗုဒ္ဓဘုရားရှင်၏ ကိုယ်စားတော်အဆူဆူကို နှောင်းလူတို့အတွက် ချန်ထားရစ်ခဲ့သည့်ပမာ ဖြစ်ခဲ့ရပေသည်။ ထိုပရိယတ်စာပေ များကို သင်ကြားလေ့ကျက်ပေးရာဖြစ်သော ပရိယတ္တိစာသင်တိုက် ကြီးများသည်လည်း အစဉ်အဆက် ဓမ္မစေတီအဆူဆူ ဆင့်ဂွားတည်ထား နေကြခြင်းနှင့်မခြား ရှိတော့သည်။

ပရိယတ်စာပေ သင်ကြားသည့် လောကတွင် စကားတစ်ခု ရှိ၏။ ရှေးဆရာများ ပြောပြရေးသားချက်များတွင် အနက်အဓိပ္ပာယ်အားဖြင့် လည်းကောင်း၊ သဒ္ဒါအက္ခရာပုဒ်ပါဠိအားဖြင့် လည်းကောင်း မိမိသဘောမကျသည့် အချက်

အလက်နှင့် ပုဒ်ပါဌ်အထားအနေ တွေ့ရှိလျှင် အရမ်းကာရော မပြင်ပါနှင့်ဟူ၍ ဖြစ်ပေသည်။ ရှေးဆရာသမားများမှာ ပြီးပြည့်စုံသော ဉာဏ်အား, ဝိရိယအားနှင့် ပြုစုထားရှိခဲ့ခြင်း ဖြစ်ရာ စာသင်ပို့ချနေတို့အနေနှင့် ဉာဏ်မီအောင် တွေးခေါ်နိုင်ခြင်း မရှိဘဲ ပြုပြင်ပါက အမှားဖြစ်ဖို့ များလေသည်။ စာသင်သားဘဝ ပထမငယ် ပထမလတ်တန်းတုန်းက မကျယ်ပြန့်သော စာပေဗဟုသုတနှင့် ဆုံးဖြတ်ခဲ့သော အမှားတစ်ရပ်ကို ဓမ္မာစရိယတန်းရောက်မှ မှားမှန်းသိရှိရတတ်၏။ ထိုသို့ မဖြစ်စေရန် ဆရာသမားများက ဥပမာပုံပြင်ပေး၍ ဆုံးမထားပါသည်။

ရှေးအခါက စာဖတ်ဝါသနာပါသည့် တောထွက်ဦးပဉ္စင်းကြီး တစ်ပါးရှိလေသည်။

ငယ်ဖြူဦးပဉ္စင်းများလို ပါဠိစာပေသင်ကြားမှု မပြုဖူးခဲ့လေရာ ကျမ်းကြီးကျမ်းခိုင်များကို ဖတ်ရှုရန် အခက်အခဲဖြစ်၍နေ၏။ မြန်မာစကားပြေကျမ်းများ၊ မြန်မာပြန်သက်သက်ကျမ်းများမှာလည်း ယခုခေတ်လို ပေါများပြည့်စုံခြင်း မရှိပေ။ သို့သော် ကိစ္စမရှိ။ ပါဠိတစ်ချက် အနက်တစ်ချက် ပြုစုထားသည့် နိဿယကျမ်းများသည် ဦးပဉ္စင်းကြီးကဲ့သို့ ပါဠိမတတ်သူများအတွက် အားကိုးသဖွယ်တည်း။

ဦးပဉ္စင်းကြီး ဖတ်ရှုသောကျမ်းမှာ မိလိန္ဒပဉှာပါဠိ နိဿယ ကျမ်းဖြစ်၏။ မိလိန္ဒပဉှာကျမ်းသည် ဗုဒ္ဓဓမ္မရေးဆိုင်ရာ ခဲရာခဲဆစ် အကြောင်းအရာများကို မိလိန္ဒမင်းကြီး ကမေး၍ အရှင်နာဂသိန် မထေရ်က ဖြေကြားထားသော အမေးအဖြေ ကျမ်းဖြစ်သည်နှင့်အညီ အချို့ အမေးများကို ဖြေဆိုရာတွင် ပြန်လှန်မေးခွန်းပြုပြီး ဖြေဆိုရသော အဖြေများ အများအပြား ပါဝင်လေသည်။

မဟာရာဇ မင်းကြီး။ တွံ၊ သင်သည်-ဆိုသော အမည်ခေါ် အာလုပ်ပုဒ်နှင့် ပြုသူဧည့်နန်းသည့် ကတ္တားပုဒ်မှာ အဖြေတိုင်းမှာလိုပင် ပါဝင်သည်။ ကျမ်းလေးမည်စိုး၍ လည်းကောင်း၊ သိသာထင်ရှားသဖြင့် လည်းကောင်း နိဿယပြုစုသူ သို့မဟုတ် ပေစာရေးကူးသူက ထိုနှစ်ပုဒ်ကို အတိုချုံး၍ (မဟာရာဇ-ကြီး၊ တွံ-သည်) ဟု ကျမ်းစာတွင် ဖော်ပြ၏။ သိလောက်ပြီဖြစ်၍ ဖတ်သူက ဖြည့်ဖတ်ရန် ဖြစ်၏။

မိလိန္ဒပဉှာနိဿယကျမ်းကို အစမှစ၍ လေ့လာသူဆိုလျှင်တော့ ဘာမျှပြဿနာမရှိ။ ယခုတော့ ဦးပဉ္စင်းကြီးမှာ ခေါင်းစဉ်ကြည့်၍ ဖတ်ချင်သည့် အကြောင်းအရာကို ရွေးဖတ်လေရာ သိလွယ်ပြီဟု အကျဉ်းချုံးထားသည့် ထိုစာပိုဒ်တွင် ခဲကပ်လျက် ခေါင်းရှုပ်နေသည်။ ဦးပဉ္စင်းကြီးက စာဖတ်ရှိန်လေးကလည်း များထားတော့ စာကို ကြံ့ကြည့်၏။

(မဟာရာဇ) ကို အနက်ပေးထားသည်မှာ (ကြီး- တွံ့သည်) ဟူ၍ ဖြစ်နေသည်။ ကျီးကတော့ တွန်ရိုးထုံးစံ မရှိ။ ကျီးသာသည်၊ ကျီးမြည်သည်ပဲ ကြားဖူး၏။ အရေးအကူး လွဲပြီး ကေန္ဓ ကျီးနှင့် ကြက် မှားနေ၍ပဲ ဖြစ်မည်။ ကြက်တွန်သည်သာ သဘာဝကျပေမည်ဟု ဆုံးဖြတ်ပြီး (မဟာရာဇ- ကြက်တွန်သည်) ဟု ဖတ်ပါလေတော့သည်။

ဦးပဉ္စင်းကြီးမှာ စာကို အသံထုတ်၍ ဖတ်သူဖြင့်သည်။ ဘေးမှ စာမတောက်တခေါက် ကိုရင်ကြီးတစ်ပါးက ကြားရ၍ ပြုပြင်ပေးသည် ကိုလည်း ယုံကြည်မှု မထားပေ။ စာထဲတွင် တွေ့တိုင်း ထိုသို့ဆိုဆိုနေ၍ ကြာတော့ ဆရာတော်ကြားပြီး ခေါ်ယူပြုပြင်ပေးမှ အမှန်အကန်သို့ ရောက်ရှိသွားပေတော့သည်။ ❑



မွတ်ကရော

မြစ်ဝကျွန်းပေါ် ကျေးရွာတစ်ရာမှ ရွာဦးကျောင်း ဆရာတော် ဦးရေဝတသည် ထိုရွာသားဇာတိ ဖြစ်သော်လည်း ငယ်စဉ်က အညာဒေသတွင် နေထိုင်ကြီးပြင်း ရဟန်းဖြစ်ခဲ့ရာ အညာသွေး အညာဇာတိမာန် အညာသား ဓလေ့စရိုက် လွှမ်းကဲနေတတ်ပေသည်။ အသားတော်ညိုညို မျက်နှာတွင် ကျောက်ပေါက်မှန်သဲ့သဲ့နှင့် ရုပ်သွင်ရော ဟန်ရော အညာသားမှ တကဲ့အညာသား သွင်ဟန်ဖြစ်နေသည်။

ဆရာတော် သာမက ဆရာတော်ကျောင်းရှိ ကျောင်းသားများကိုလည်း ကြည့်ပါဦး။ ကျောင်းသား ကျောင်းသူအားလုံး ဆံရစ်ဝိုင်းထားကြရပြီး ပုဆိုးကို ခါးပုံစထုတ်၍ ဝတ်ကြရ၏။ အောက်အရပ်တွင် ကလေးလူကြီး ဘိုကေတသသနှင့် အချိန်မျိုးတွင် ဆရာတော်၏ ကျောင်းသားများက ဂျာရစ်ဝိုင်းနှင့် နားပေါက်နှင့် ပုဆိုးခါးပုံစနှင့် ဆိုသောအခါ တစ်ဘာသာဆန်းနေသည်။ အလှူအတန်း အပင့်အဖိတ်ကြွလျှင် သျှောင်ထုံးနှင့် ကျောင်းသားမှာ ဆရာတော် ဦးရေဝတ ကျောင်းသားမှန်း သိရှိကြပြီး လူကြီးများ၏ ချစ်စနိုးနှင့် ခေါ်ပြောဆက်ဆံခြင်း ခံရတတ်ပေသည်။

ထိုယဉ်ကျေးမှုကိုမှ နှစ်သက်ပြီး အခြေခံမူလတန်းကျောင်းတွင် သားဖြစ်သူ သုံးတန်းအောင်သောအခါ ကျောင်းမှ နုတ်ထွက်စေပြီး ဆရာတော် ဦးရေဝတကျောင်းသို့ လာရောက်အပ်နှံသူ ရှိ၏။ ဦးမောင်ကြီးသည် သူ၏သား ဖိုးမောင်အား ဘာသာရေးတွင် ရင်းနှီးကျွမ်းဝင်လာစေပြီး ရဟန်းတစ်ပါးအဖြစ်သို့ ရောက်ရှိကာ ရဟန်း၏ခမည်းတော် မယ်တော်အဖြစ် ခံယူနိုင်ရန် မှန်းထားသည်။ ဆရာတော် ဦးရေဝတ၏ ယဉ်ကျေးမှု အသွင်အပြင် ခံယူမှုကိုလည်း သဘောကျသည့်အလျောက် ဆရာတော် ပုံစံအတိုင်း သားအား ဆံရစ်ဝိုင်းထား၍ ပို့အပ်သည်။

ဖိုးမောင်သည် ကျောင်းအိပ်ကျောင်းစားနေရပြီး လောကနီတိပါဠိအနက်ကို တစ်နေ့ရသလောက်ကျက်၍ ဆရာတော်ထံ ပြန်ပြရသည်။ တစ်ခြားစာများ အခက်အခဲ မရှိသော်လည်း ပါဠိပါဌ်ဆင့်များသည် ဖိုးမောင်အား အကြီးအကျယ် ဒုက္ခပေးလျက် ရှိပေသည်။

ဖိုးမောင်အား ကျောင်းအပ်ပြီး၍ ၅-ရက်ရှိသောအခါ ဦးမောင်ကြီးတို့ ဇနီးမောင်နှံသည် သားအားလည်း လွမ်းလွမ်းရှိသည်နှင့် ဆွမ်းတစ်အုပ် ချက်ပြုတ်ပြင်ဆင်၍ ကျောင်းသို့ ဆွမ်းပို့ ရောက်လာကြသည်။ ဆွမ်းအုပ်ကို လှယ်ပြုပြီး၍ အတန်ကြာမနှ့ သားနှင့် စကားပြောဆိုပြီးသော် ဆရာတော်အား နှုတ်ဆက်ရင်း ဦးမောင်ကြီးက လျှောက်၏။

"ဘယ်နှယ်လဲ ဆရာတော်တပည့် ပါဠိအဖတ်အပြု အတော်အဆင်ပြေပြီလားဘုရား"

"အဆင်ပြေသွားမှာပါ။ ပါဠိပါဠ်ဆင့်တွေလဲ အတန်အသင့် ရပါပြီ။ ကဲ-- ဖိုးမောင် ဒီနားလာပါဦး။ ကဲ- ဒီစာအုပ်နာမည် ဖတ်ပြစမ်း"

ဆရာတော်က အနီးရှိ ကျမ်းစာအုပ် တစ်အုပ်ကို ယူ၍ ဖိုးမောင်အား ထိုးပေးသည်။ နဲ့ကြိုးဆရာတော်ဘုရားကြီး ရေးသားတော်မူသော ဓမ္မကထိကလက်စွဲ တရားစာအုပ် ဖြစ်ပေသည်။ ဝဋ္ဋဘေဒနီယပ်လှဲတရားစာ။

ဘုန်းတော်ကြီးကလည်း သူ့တပည့်၏အစွမ်းကိုပြ၍ ကြွားချင်မှု ပါနေ၏။ ဖိုးမောင်ကလည်း သူ့မိဘများအား သူ၏ ကျွမ်းကျင်သမျှကို အစွမ်းထုတ်၍ ပြချင်နေသည်။ ဤသို့ဖြင့် ဆရာတပည့်နှစ်ဦးမှာ ရှေ့သွားနောက်လိုက်ညီလျှပြီး 'ပွဲမဝင်ခင် အပြင်ကကျင်းပ' တာလေးတစ်ခုသာလျှင် လိုသွားသည်ဟု ဆိုရပေတော့မည်။

ဖိုးမောင်က အသံခပ်ကျယ်ကျယ်နှင့်ပင် ဖတ်ထည့် လိုက်၏။

"ဝဋ္ဋဘေဒနီ ယပ်လှဲတရားစာ"

ဘုန်းတော်ကြီးက ရယ်၏။ ဖိုးမောင်၏ မိဘများက လည်း လိုက်၍ရယ်ကြ၏။ ဖိုးမောင်လည်း ပြုံးကြောင်ကြောင် နှင့် ရယ်လေ၏။

ဆရာဘုန်းတော်ကြီးက အရယ်ရပ်၍ အမိန့်ရှိ၏။

'ဟုတ်ပေ့ ဖိုးမောင်ရာ၊ မွတ်ကရောကွာ။ ကြွားချင် လိုက်တာ ဖတ်ဖတ်မော ရင်ဘတ်နောက်က ကျောတဲ့မှ။ ကဲ-ကဲ ပြန်ကြပေဦး၊ ပြန်ကြပေဦး'

ဖိုးမောင်သည် မြန်မာစာတွင် အသုံးနည်းသည့် ဌတလျှင်းချိတ်နှင့် ဌကြီးကို မကွဲပြားဘဲ ဌနှစ်လုံး အသံထွက်ကို ဌ-ကြီးနှစ်လုံး အသံထွက်၍ ဖတ်ရှုခဲ့ခြင်း ဖြစ်ပေ၏။ □

ထိုးထွင်းဉာဏ်ရှင်

နံနက် ၇-နာရီ စာဝါသည် ၈-နာရီတွင် ပြီး၏။ ဆွမ်းခံထွက်ရန်မှာ ၈-နာရီ ၄၅-မိနစ်တွင်မှ ဖြစ်ရာ သပိတ်ပြင်သက်နှုံးရုံအတွက် ၁၅-မိနစ် ပေးလိုက်လျှင် မိနစ် ၃၀-ကျန်၏။ ထိုအချိန်ကာလကိုပင် အလကားမထားနိုင်ဘဲ နံနက်ကတက်လာသောစာကို ပူပူနွေးနွေး ရွှေးကြရသဖြင့် ကိုရင်များ၏ စာကျက်သံမှာ တစ်ကျောင်းလုံး ညံလျက်ရှိ၏။

ကိုရင်ကြီးတစ်ပါးမူ အိပ်ရာ ဖျာပေါ်တွင် ပက်လက်လှန်လျက် သက်နှုံးခေါင်းမြီးခြုံ၍ ရသမျှအချိန်တိုလေးအတွင်း မှေးဖြစ်အောင် မှေးနေလေသည်။ ကျောင်းတစ်ကျောင်းလျှင် စာချဘုန်းကြီးတစ်ပါး ထားရှိအုပ်ချုပ်စေရာ ထိုကျောင်းကို အုပ်ချုပ်သော ကျောင်းဘုန်းကြီးသည် အခန်းပြင်သို့ ထွက်လာရင်း ကိုရင်ကြီး၏ စာကျက်သံ မကြားရ၍ နေရာ လှမ်းကြည့်သည်တွင် ကိုရင်ကြီး အိပ်နေသည်ကို မြင်သွား၏။

ကျောင်းဘုန်းကြီးများတွင် သူ့ကျောင်းရှိ စာသင်သားများ၏ ပညာရေးမှတ်တမ်းက တစ်ပါးချင်းအလိုက် ရှိနေသည်။

လက္ခယ်နေ့တိုင်း အာဂုံပြန်စာမေးပွဲရှိသလို ၈-ရက်ဥပုသ်နေ့တိုင်း ကျောင်းတွင် အစမ်းရေးဖြေ စာမေးပွဲက ရှိနေသည်။ စာမရလျှင် သို့မဟုတ် အစမ်းစာမေးပွဲကျလျှင် ဒဏ်ထမ်းရုံနှင့်မပြီး ဥပုသ်နေ့ညဘုရားဝတ်တက်အပြီး တစ်တိုက်လုံး သံယာများ ရှေ့မှောက်၌ "တပည့်တော် စာမေးပွဲကျလို့ ဒဏ်ထမ်းပြီးပါပြီ ဘုရား' ဟု ကာယကံရှင်ကိုယ်တိုင် ထ၍ လျှောက်ကြားရသည်။

ကျောင်းဘုန်းကြီးများသည် အများအားဖြင့် စာတော်သူများကို ချစ်ကြ၏။ အစမ်းစာမေးပွဲများတွင် ကျရှုံးလေ့မရှိပါက စာအတန်အသင့် တော်သူဟု သတ်မှတ်ပြီး နေရာတကာ ချုပ်ချယ်မှု လျော့ပါးပေးတတ်၏။ စာမေးပွဲကျ၍ ခဏခဏ ဒဏ်ထမ်းရသည့် စာသင်သားများကိုမူ သိပ်မျက်နှာသာမပေးတတ်ပေ။ ကုဋီသို့ အသွားလမ်းတွင် ၂-ကြိမ်လောက် ဆုံမိနေလျှင်ပင် 'အားအားရှိ ကုဋီသွားနေသည်'ဟု ဆိုမြည်ခံရတတ်ပေ၏။

ယခု ကိုရင်ကြီးမှာလည်း ပထမငယ်တန်းတွင်ပင် ၂-နှစ်ရှိနေပြီး စာဟောင်းကိုပင် မကြာခဏ ဒဏ်ထမ်းနေရဆဲ ဖြစ်ပေသည်။

"ဟ- ကိုရင်ကြီး အိပ်တုန်းလားဟဲ့"

ကျောင်းဘုန်းကြီးက အခန်းပေါက်ဝ လိုက်ကာဖယ်၍ အသံပြု၏။

ကိုရင်ကြီးသည် သက်နှစ်ခေါင်းမြီးခြုံကို ဖယ်၍ လူးလဲထကာ ရှက်ရွံ့ထိတ်လန့်မှုဖြင့် လျှောက်မိလျှောက်ရာ လျှောက်လိုက်၏။

"စာကြံ့နေတာပါဘုရား"

စာအံ့သံရပ်၍ နားထောင်နေကြသော ကိုရင်ငယ်များက ပြုံးကြ၏။ မယုံသော်လည်း ကိုရင်ကြီးဖြေပုံကို သဘောကျ၍ ဘုန်းတော်ကြီးကလည်း ပြုံး၏။

"ဩော်- ကိုရင်ကြီး ကိုရင်ကြီး စာကြံ့နေလိုက်တာ စိန္တိတ်ပုဒ် ကြံနေတုန်း ပုစ္ဆိ- လာမေးသလို ဖြစ်နေပြီပေါ့။ ဟုတ်လား"

ဘုန်းတော်ကြီးက ထိုမျှပြောပြီး ကြွသွားသော်လည်း ကိုရင်ငယ်များက ပြုံးရယ်ကျန်ခဲ့ကြ၏။ ❑



ထန်းကြွေ ကျီးနင်း

တစ်ခါက တောရွာစာသင်တိုက်ငယ် တစ်ခုတွင် အခြေပြု မူလတန်းကို သင်ကြားနေကြသော ကိုရင်ငယ် ကိုရင်ကြီးများ ရှိကြလေသည်။ စာမေးစရာရှိလျှင် ဘုန်းတော်ကြီးအား မမေးရဲကြသဖြင့် စာအရည်အချင်းတူသူချင်း တစ်လုံးကျော်နှစ်လုံးကျော်နှင့် မေးစမ်းကာ အားကိုးပြုနေကြ၏။ ဖြေသူကလည်း အထင်လောက်သာ ရှိပြီး အမှန်ပါဟု အာမခံရဲသည်မဟုတ်။ အများအားဖြင့်တော့ ကိုရင်ငယ်များက စာမေးကြ၍ အဖြေတာဝန်ကို ကိုရင်ကြီးများက ဘယ်သူမှမခန့်ဘဲ တာဝန်ယူနေရ၏။

ကိုရင်ငယ်တစ်ပါးက နောက်တစ်နေ့ တက်ကြရမည့် စာထဲတွင် ပါရှိသော (စိန္ဓိတံ) ပုဒ်၏အနက် မထင်၍ ကိုရင်ကြီးအား မေး၏။ ကိုရင်ကြီးလည်း ထိုပါဠိကို အနက်မထင်ရကား ဘာဖြစ်နိုင်သည်ကို စဉ်းစားတွေးဆ၍နေ၏။ ထိုပါဠိ တွေ့ဖူးသလိုလို ဟိုရှာဒီရှာနှင့် အဖြေမရဘဲ ကြာတော့ လက်လျှော့လိုက်၏။ အခြားကိုရင်သုံးပါးနှင့် စကားဝိုင်းဖွဲ့ လေပေါနေလိုက်၏။

ခဏကြာသောအခါ စောစောက စာမေးသော ကိုရင်ငယ်ပင် ကိုရင်ကြီးအား စာလာမေးပြန်၏။ သည်တစ်ခါ တော့ (ပုစ္ဆာ) ဆိုသောပါဠိပုဒ်ကို အနက်မထင်၍ ဖြစ်သည်။ ကိုရင်ကြီးမှာ စကားဝိုင်းတွင် စကားကောင်းနေတုန်း ဖြစ်၍ စိတ်ရှုပ်သွားသည်။ ထို (ပုစ္ဆာ)ပုဒ်၏ အနက်အဓိပ္ပာယ်ကိုလည်း ကိုရင်ကြီး မသိပေ။

"ဟ ကိုရင်ကလေးရ-- (စိန္တိတံ) ကြံတုန်း (ပုစ္ဆာ) လာမေးရသကွာ"

အမှန်မှာ ကိုရင်ကြီးက ကိုရင်ငယ်၏ ဒုတိယမှိ အမေး ကိုလည်း မသိ၍ စိတ်ရှုပ်ရှုပ်နှင့် ငြင်းပယ်လိုက်ခြင်း ဖြစ်ပေ သည်။ သို့သော် ကိုရင်ငယ်မှာ သူ့အမေး နှစ်ခုစလုံး၏ အဖြေများဟု ယူဆကာ (စိန္တိတံ- အကြံ၊ ပုစ္ဆာ-အမေး) ဟု မှတ်သားလျက် စာကို ဆက်၍ ကျက်မှတ်နေလေတော့သည်။

နောက်တစ်နေ့ စာတက်ကြသောအခါ စာထဲတွင် ပါရှိသည့် (စိန္တိတံ) ပုဒ်မှာ ကိုရင်ကြီး ပြောသည့်အတိုင်း အကြံ အစည် အနက်ဖြစ်ပြီး (ပုစ္ဆာ) အနက်မှာလည်း အမေး-မေးခွန်းဖြစ်နေပေရာ စာမေးသောကိုရင် အပါအဝင် ကျန် ကိုရင်များက ကိုရင်ကြီးအား အထင်ကြီးသွားကြ၏။

စိန္ဓိတ်- ပုဒ်အနက်အဓိပ္ပာယ် မသိ၍ ကြံဆဲ ပုစ္ဆိ-သဒ္ဒါ၏ အနက် အဓိပ္ပာယ်ကို ထပ်ကာလာမေးရပါမည်လား-ဟု ကိုရင်ကြီး အလွယ်တကူ ပြောလိုက်သော စကားက အံ့ကြဖွယ်ရာ တိုက်တိုက်ဆိုင်ဆိုင် သွား၍ အဓိပ္ပာယ်ကိုက်ညီနေသဖြင့် ထိုအဖြစ်မှန်ကို ကိုရင်ကြီးတစ်ဦးတည်းသာ သိရှိမြုံထားလိုက်ပြီး မဂ်လာယူ၍မဆုံး ရှိတော့လေသတည်း။

------❑------



သ, သက်သလား?

ဘာသာစကား တစ်ခုနှင့်တစ်ခုတို့သည် ကံ, ကတ္တား ကြိယာ တည်ဆောက်ပုံချင်း၊ ရှေ့နောက် အနေအထားချင်း အနည်းအကျဉ်း ကွဲလွဲချင် ကွဲလွဲမည်။ သို့သော် သဒ္ဒါဖွဲ့စည်းပုံ ချင်းကား ယေဘုယျအားဖြင့် တူညီတတ်၏။ ထို့ကြောင့်ပင် ဘာသာစကားတစ်ခု၏ သဒ္ဒါကို သင်ယူဖူးလျှင် အခြားဘာသာ စကားတစ်ခု၏ သဒ္ဒါကို လေ့လာရုံနှင့် တတ်ကျွမ်းတတ်ပေ သည်။

ပရိယတ်စာပေကို သင်ကြားတော်မူကြသည့် စာသင် သား ရှင်ရဟန်းတို့သည် ပါဠိသဒ္ဒါကို သင်ယူကြရ၏။ ကစ္စည်း သဒ္ဒါကြီး, ပဒရူပသိဒ္ဓိ စသည်တို့သည် ပါဠိသဒ္ဒါကျမ်းများ ဖြစ်ကြ၏။ ပထမပြန်နှင့် ဓမ္မာစရိယတန်းတို့တွင် ပါဠိသဒ္ဒါကို အခြေခံကျကျ သင်ယူထားပေရာ သက္ကဋ္ဌသဒ္ဒါနှင့် အင်္ဂလိပ် သဒ္ဒါကို ဆက်လက်လေ့လာလျှင် အလွယ်တကူနှင့် တတ်ကျွမ်း ကြသည်မှာ ထိုသဘောပင် ဖြစ်လေသည်။

ပါဠိဘာသာစကားသည် အခြား ဘာသာစကားများနှင့် မတူပေ။ ဓာတ်အရင်းအမြစ်ကို ကောက်၍ ပုဒ်တစ်ပုဒ်ကို တည်ဆောက်ထား၏။ ပုဒ်တိုင်းပုဒ်တိုင်းတွင် ဗျူပွတ်ဟူ၍ရှိ၏။ ဝိဂြိုဟ်ဝစနတ္ထပြု၍ အဓိပ္ပာယ်ဖော်ရ၏။ သဒ္ဒါသုတ်များ အစီအရင်ဖြင့် ရုပ်ပြီး၍ထားသည်။

ပုဒ်တစ်ပုဒ်ရုပ်ပြီးဖို့ သက်ဆိုင်ရာ သုတ်အစီအရင်များ မပါဘဲ မိမိဘာသာ ပြီးချင်သလိုပြီး၍ မရပေ။ ဝိဘတ်သက်ခြင်း၊ အက္ခရာလာခြင်း၊ ချေခြင်း၊ အက္ခရာပြောင်းလဲခြင်း၊ အက္ခရာ ရှေ့နောက်ပြန်ခြင်း စသည်ဖြင့် အက္ခရာ ပြုပြင်ပြောင်းလဲတိုင်း သုတ်အစီအရင်ကိုဆို၍ ရုပ်ပြီးကို တွက်ယူရသည်။ ရုပ်တွက်တတ်မှ ရုပ်၏ ပြုပြင်ပြောင်းလဲမှုအလိုက် သဒ္ဒတ္ထအနက်ကို အမှန်ပြန်ဆိုနိုင်မည် ဖြစ်ပေသည်။

တစ်ခါသော် ကိုရင်ကြီးတစ်ပါးသည် နာမ်ကျမ်းတတိယပိုင်း 'သာဂမောသေ' သုတ်လာ ရုပ်တစ်ခုကို သဒ္ဒါနည်းဖြင့် ရုပ်တွက်ရာ မတွက်တတ်ဘဲ ဖြစ်နေ၏။ နန်းကျောင်းမှ သဒ္ဒါကြီး နိဿယကျမ်းတွင် နိဿယအပြင် ရုပ်တွက်များလည်း ပါရှိရာ စာအုပ်စင်မှ နန်းကျောင်းမှ သဒ္ဒါကြီး နိဿယ ကျမ်း စာအုပ်ကို ယူပြီး သက်ဆိုင်ရာသုတ် စာမျက်နှာကို ဖွင့်၍ ရှာသည်။

တွေ့ပါပြီ။

"ပုရိသဿ-ကား ပုရိသ-တည်။ သိ-သက်၊ သ-လာ"

ကိုရင်ကြီးကား သူတွက်သောရုပ်နှင့် ပတ်သက်၍ နိဿယ အကူရသည့်တိုင် အဓိပ္ပာယ် မပေါက်။ ဘယ်သို့ ပေါက်ပါမည်နည်း။ ရုပ်တွက်မှာ အကျဉ်းအတိုကောက် ပြထားခြင်း ဖြစ်သည်။ သုတ်တစ်ခု၏ ဥဒါဟရုဏ်များမှာ များပြားလေရာ လုံးစေ့ပါ၌စေ့ အစအဆုံး တွက်ပြနေပါက ဆုံးနိုင်တော့မည် မဟုတ်ပေ။ ထို့ကြောင့် သိသာရုံမျှ အတိုကောက် ပြထားခြင်း ဖြစ်ပေသည်။

ကိုရင်ကြီးမှာ ဉာဏ်နုံ့သူ စာအတွေ့အကြုံနုသူ ဖြစ်သည်မို့ ပုရိသဿ-၌ (သ) သက်၍ (သ) လာရမည်ကို သဘောမပေါက်ခြင်းဖြစ်သည်။ သဘောမပေါက်ရုံမက စာဖတ်ကလည်း ရှုန်းသေး၏။ 'သ-သက်၊ သ-လာ' ကို နောက်မှ ဝစ်ပေါက် ထည့်ဖတ်၍ 'သသက်သလား' ဟု ဖတ်ကာ စိတ်ညစ်ငြူးစွာ ညည်းလိုက်သည်မှာ-

"အင်း-- (ပုရိသဿ) ပုဒ်ကို ရုပ်မတွက်တတ်လို့ ဘာသက် ဘာလာရမှာလဲလို့ ရုပ်တွက်ရုပ်ပြီး လှန်ကြည့်ပါတယ်၊ (သသက်သလား) လို့ ငါ့တောင် ပြန်မေးလိုက်သေးပါပကော" ဟူသတည်း။ ❑

-----o-----

တစ်လစ်နှင့် တန်းလန်း

ပုဂံခေတ် ကျမ်းတတ်အကျော် ဦးကျည်ပွေ့ကို အားကျ၍ အသက်ကြီးမှ သဒ္ဒါကို သင်ချင်သော တောတွက်ကိုယ်တော်ကြီး တစ်ပါး ရှိဖူးလေ၏။

ကိုယ်တော်ကြီးအား 'သဒ္ဒါမသင်ချင်ပါနှင့်တော့။ ပါဠိတော် မြန်မာပြန်ကျမ်းများကို တစ်အုပ်ပြီး တစ်အုပ် ဖတ်ရှုနေပါ' ဟု ဆရာတော်က နားချသော်လည်း မရပေ၊ ကိုယ်တော်ကြီးက သဒ္ဒါမှ သဒ္ဒါ သင်ချင်နေ၍ ပညာပါရမီ ဖြစ်ပါစေတော့ ဟု အပျင်းပြေသဘောနှင့် ဆရာတော်က သဒ္ဒါကို သင်ကြားပေးနေ၏။

သန္ဓိကျမ်း စတုတ္ထပိုင်း 'မ-ဒါသရေ' သုတ် အစီအရင် အရောက်တွင် ဧတဒဝေါစ (ဧတံ+ အဝေါစ) ကို ရုပ်မတွက်တတ်ဖြစ်နေသည်။ ဆရာတော်အား လျှောက်မကြည့်သေးပဲ နန်းကျောင်းမှ သဒ္ဒါကြီး နိဿယစာအုပ်ကို ဖွင့်၍ရှာကြည့်၏။ (ဧတဒဝေါ စ-ကို ဧတံ အဝေါစ-ဟူ၍ ပုဒ်ဖြတ်၏။ ဤသုတ်ဖြင့် မ-ပြု, ဒ-ပြု။ ပြီး၏။)

ခက်ပြီ။ ကိုယ်တော်ကြီး အတွေးခေါင်ပြီ။ စိတ်ရှုပ်လာပြီး ဦးခေါင်းကို ယမ်း၍ ကိုယ်တော်ကြီး ညည်း၏။

"ပြုရင်လဲ ပြုပေါ့။ မပြုရင်လဲ မပြုနဲ့ပေါ့။ ခုတော့ မပြုတပြု (မ-ပြု၊ ဒ-ပြု) တဲ့။ တစ်လစ်တန်းလန်းကြီး"

မဒါသရေ- ဟူသောသုတ်သည် နောက်မှာသရရှိပြီး ရှေ့ပုဒ်၌ နိဂ္ဂဟိတ် (သေးသေးတင်) ရှိလျှင် ထိုနိဂ္ဂဟိတ်ကို (မ)သော် လည်းကောင်း၊ (ဒ)သော် လည်းကောင်း ပြုလုပ်၍ နောက်က သရနှင့် ပေါင်းစပ်ကာ ပုဒ်ပြီး ရုပ်ပြီး စီရင်သည့်သုတ် ဖြစ်၏။ မ-ပြု, ဒ-ပြုကို ပေါင်း၍ ဖတ်ရှုသောအခါ (မပြုဒပြု) အသံထွက်ရာ ဘက်သည့်အသံကို လိုက်၍ အဓိပ္ပာယ် အယူ အကောက် လွဲချော်သွားသော ကိုယ်တော်ကြီး၏ စာကြံပုံ အမှားပင် ဖြစ်လေ၏။ ❑

-------o------

ရေလဲမေတ္တာ

မေတ္တာသဒ္ဒေါ အနန္တော-ဟု ဆို၏။ မေတ္တာသဘောမှာ အပိုင်းအခြားမဲ့ သဘောဆောင်၏။ နှိုင်းဆတိုင်းတာ မရကောင်းပါ။

အင်ုတ္တိရ်ကျမ်းလာ မေတ္တာအကျိုး ၁၁-မျိုးကို စာပေ၌ ရေးတင်ရုံသာမက တေးသီချင်းပင် စပ်ဆို၍ သီဆို ကြ၏။ မေတ္တာကမ္မဋ္ဌာန်း ပေါက်လျှင် ပစ်လွှတ်အပ်သော ရန်သူ၏ မြားသည် ပန်းဆိုင်းပေါက်ပေါက် ဖြစ်၏။ သားရဲ ကြမ်းကို ယဉ်ပါးနိုင်၏။ မေတ္တာတွင် အလျားအနံ မမြင်သာ ပေမည့် အသွားအပြန်ရှိသည်ဟု ပြောစမှတ် ဆိုစမှတ်ပြုကြ၏။ ငြိမ်းချမ်းရေး အောင်မြင်ခြင်းအတွက် တစ်ခုတည်းသော လက်နက်ကား မေတ္တာတည်း။

ယင်းသည့် မေတ္တာလက်နက်ကို ရေလဲနှင့်သုံးသူ တစ်ဦး တစ်ခါက ရှိခဲ့ဖူးလေသည်။

ရွာနှင့် မနီးမဝေး ကောင်ခြေတောစပ်တွင် ရသေ့ကြီး ဦးပြူးသည် သခ်မ်းကျောင်းငယ်နှင့် နေထိုင်၏။ မေတ္တာဝါဒီ သခ်မ်းကျောင်းဟု အမည်တွင်၏။

မလှမ်းမကမ်းရှိ ရွာငယ်နှစ်ရွာကို အမှီပြုနေထိုင်သီတင်းသုံးသော်လည်း အသက်အရွယ် အိုရင့်နေပြီ ဖြစ်သဖြင့် ဆွမ်းကွမ်းကိစ္စကို နေ့စဉ် မဆောင်ရွက်နိုင်ပေ။ ထို့ကြောင့် တစ်ပတ်တစ်ကြိမ်သာ ရွာမှ စေတနာရှင် ဒါယကာများထံ ဆန်, ဆီ, ဆား သွားရောက် အလှူခံယူ၍ သခ်မ်းကျောင်း၌ မိမိဘာသာ ချက်ပြုတ်စားသောက်ကာ နေထိုင်သည်။ နေ့စဉ် ဆွမ်းထမင်း တစ်ပါးစာ ချက်ပြီးသော် ဟင်းအဖို့ရာမှာ ပဲလှော် ဆီဆမ်း၍ စားသည်က များသည်။ တစ်ခါတစ်ရံ ငါးခြောက် ငါးခြမ်း ရှိခဲ့လျှင် ထိုတစ်ပတ်အဖို့ တစ်နပ်နှစ်နပ် ငါးခြောက် ဖုတ်လေး ပါတတ်၏။ ထိုသို့ ခေါင်းပါးစွာ တစ်ပါးတည်း နေထိုင်သီတင်းသုံးသည်ကိုပင် ရွာသူရွာသားများက ရသေ့ကြီး အား ကြည်ညိုကြလေသည်။

သို့သော် ရသေ့ကြီး ဦးပြူးနှင့် ပတ်သက်၍ ရွာသူရွာသား ဒါယကာများ မသိသော အချက်တစ်ချက် ရှိ၏။ ထို အချက်ကို ရသေ့ကြီး ကျောင်းအနီးတွင် လယ်ထွန်နေသော ဖိုးသာဝမှတစ်ပါး ဘေးလူ မသိပေ။ ရသေ့ကြီး ဦးပြူးသည် ရွာထဲမှ မိကျင်ရွှေဆိုသော မိန်းမတစ်ဦး၏ အလှည့်အပတ်ကို ခံလိုက်ရဖူး၏။ မိကျင်ရွှေသည် မိန်းမလည်တစ်ဦး ဖြစ်သည့် အတိုင်း ရသေ့ကြီးထံ၌ ငွေအချို့နှင့် ရွှေစ အနည်းငယ်

ရှိသည်ကို သိရသည်နှင့် ရင်းနှီးအောင် ပေါင်း၍ ငွေ ၃၀၀ ကျပ်ကို ခဏလိုနှင့် အပိုင်ချိုင်သွားသည်။ တစ်နယ်တွင် နောက်ယောက်ျား တစ်ဦးနှင့် အကြောင်းပါသွားသည်ဟုသာ သတင်းရပြီး အစ ပျောက်သွားခဲ့လေသည်။

ဤတွင် ရသေ့ကြီး ဦးပြူး၏ မေတ္တာပို့သည် အများနှင့် မတူဘဲ စာသားအပိုပါလာသည်ကို ကျောင်းအနီးတွင် လယ်လုပ်သူ ဖိုးသာ၀ သတိထားမိလေ၏။

" သဗ္ဗေသတ္တာ၊ ဝေနေယျာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။ (မိကျင်ရွှေမပါ)"

ဖိုးသာ၀က ရသေ့ကြီးအား မေးကြည့်၏။

"ဦးရသေ့ကြီး ဘယ့်နှယ်လဲဗျာ၊ (သဗ္ဗေသတ္တာ၊ ဝေနေယျာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ-ကတော့ ဟုတ်ပါပြီ။ မေတ္တာပို့ထဲမှာ ဘယ့်နဲ့ နောက်က (မိကျင်ရွှေမပါ) ကြီးက ဘယ်က ပါလာတာလဲဗျာ"

ရသေ့ကြီး ဦးပြူးကလည်း အမှန်အတိုင်း ဖြေ၏။

'မိကျင်ရွှေက ငါ့ပိုက်ဆံယူပြီး ပြန်မပေးဘဲကိုဟ'

ဖိုးသာ၀လည်း ပြုံးမိ၏။

တစ်နေ့ ရသေ့ကြီးဦးပြူးနှင့် ဖိုးသာ၀တို့ စကားပြော နေကြဆဲ ရသေ့ကြီး သခ်ၣမ်းကျောင်းတွင် လာရောက်ခိုကပ်နေ

သော ခွေးပိန်မသည် ရသေ့ကြီး နေပူထုတ်လှန်းထားသော ငါးခြောက်အပိုင်းအစ အနည်းငယ်ကို သွားရောက် နမ်းနေ၍ ရသေ့ကြီးက နှုတ်ဝစီဖြင့် လှမ်းငေါက်၏။ ထိုအခါ ခွေးပိန်မသည် ခြေလှမ်းတုံ့ရုံသာ တုံ့ရိပ်ပြသော်လည်း လှည့်ထွက်မသွားခဲ့ပေ။ တစ်ဖန် ရသေ့ကြီးက အနီးရှိ တုတ်တိုကိုယူ၍ တုတ်ဖြင့် လှမ်းပေါက်မည့်ဟန်ပြကာ ခွေးပိန်မအား ခြောက်လှန့်ပြန်၏။ ခွေးပိန်မက လှည့်၍မျှပင် မကြည့်ခဲ့ပေ။

"ခွေးပိန်မရေ ဝစီကံနဲ့ မေတ္တာပို့တာ မရတော့လဲ ကာယကံနဲ့ပဲ မေတ္တာပို့လိုက်မယ်-ကဲ"

ရသေ့ကြီး ချိန်၍ ပစ်ပေါက်လိုက်သော တုတ်တိုသည် ခွေးပိန်မအား တိုက်ရိုက်ထိမှန်ပြီး ကိန်ခနဲ အော်မြည်ကာ ထွက်ပြေးသွားလေ၏။

ဖိုးသာဝ ပြုံး၏။ သည်တစ်ခါတော့ ဖိုးသာဝသည် ခေါင်းကိုပါ ညိတ်ဖြစ်ခဲ့မိလေ၏။ မေတ္တာဝါဒီ သခ်မ်းကျောင်းတွင် သီတင်းသုံး နေထိုင်သော ဦးရသေ့သည် မေတ္တာကို ရေလဲနှင့် အသုံးပြုသူပင်တည်း။ ❑

-----o-----

စာချိုးဝါသနာ

တစ်ခါက ရွာဦး ဘုန်းတော်ကြီးတစ်ပါးသည် စာချိုး အလွန်ဝါသနာပါလေရာ မကြာမကြာ တပည့် ကိုရင်ကျောင်းသားများနှင့် အခံအအုပ်ပြုကာ စာချိုးတတ်လေသည်။ ကိုရင်ကျောင်းသားများကလည်း စာချိုးလေး စိတ်ကူးရသည်နှင့် ဆရာဘုန်းကြီးထံ ပြေးသွားလျှောက်ထား၍ မျက်နှာလုပ်တတ်ကြပေသည်။

တစ်နံနက်တွင် ဘုန်းတော်ကြီး၏ တူမကလေးသည် ကျောင်းသို့ အရုဏ်ဆွမ်းအုပ် လာပို့သည်။ အပြန်တွင် နေ့ဆွမ်းအတွက် ဟင်းချိုလုပ်ရန် ရည်ရွယ်၍ ကျောင်းဝင်းအတွင်း စိုက်ပျိုးထားသော ပြည်ပန်းညိုပင်မှ အရွက်များကို တက်ရောက် ခူးနေလေသည်။

မကြာမီ ကိုင်းကျိုးကျသံကြား၍ ကိုရင်ကျောင်းသားများ သွားရောက်ကြည့်ရှုသောအခါ ပြည်ပန်းညိုပင်ကိုင်းပဲ့ကျပြီး ဘုန်းတော်ကြီး၏တူမမှာ ပြည်ပန်းညိုရွက်များ ပြန့်ကျဲကာ မြေတွင် လဲကျနေသည်ကို တွေ့ရှိရလေသည်။ ဤတွင်

ကိုရင်ကြီးတစ်ပါးမှာ ခေါင်းထဲသို့ ရုပ်ခြည်း စာချီးဝင်လာသည်နှင့် ဘုန်းကြီးတူမအား ထူပေးရမည်ကိုပင် ထားခဲ့ကာ ဆရာဘုန်းကြီးထံ ပြေးသွား၍ စာချီးကို လျှောက်ကြားလေသည်။

ပြည်ပန်းညိုပင်ပေါ်

ပျို့ချော်လို့လဲ။

ဘုန်းတော်ကြီးမှာ စာချီး အလွန် ဝါသနာပါသည့် အလျောက် နံနက်စောစော ကဗျာဉာဏ် သွက်နေချိန် ဖြစ်၍ သဘောတွေ့ကာ ရုတ်ခြည်းဆိုသလိုပင် ကောက်ကာင်ကာ အခံပိုဒ်ကို ရွတ်ဆိုလိုက်လေသည်။

မြင်မတော် သူကံကောင်း

ဝုတ်ဟောင်းနှင့်လွဲ။

ဘုန်းတော်ကြီးမှာ စာချီးပြီးမှ 'ဟဲ့- ချော်လဲတာ ဘယ်သူလဲကွယ်' ဟု ကိုရင်ကြီးကို မေးသဖြင့် ကိုရင်ကြီးက ဘုန်းတော်ကြီး၏တူမ ဖြစ်ကြောင်း လျှောက်ကြားလိုက်လျှင်-

"အေးကွယ်၊ တူမဖြစ်ပေမယ့်လဲ မရှောင်သာတော့ဘူးဟေ့။ ကာရန်က ဒီလိုမှ တည့်နေတယ်" ဟု ပြုံးမဲ့မဲ့နှင့် အမိန့်ရှိလိုက်ရလေသတည်း။ ❑

------o------



နာရီပျက်လျှင် ပြင်ထားပါ

နာရီပျက်လျှင် ပြင်ထားပါ

ပရိယတ္တိစာသင်တိုက်ဆိုသည်မှာ ဥပုသ်နေ့တစ်ရက်မှ အပ ကျန်ရက်များအားလုံး နေ့ဝါညဝါ စာတက်လျှင်တက် စာမတက်လျှင် စာကျက်နေကြရသည်။ ပြင်ပလူဒါယကာများ နှင့် ဆွမ်းခံချိန်လောက်သာလျှင် ဆက်သွယ်မှုရှိကြ၏။ သောတုဇန စာသင်သားတစ်ဦး၏ ဧည့်များခြင်းကို စာသင်တိုက် ဆရာတော်များ မနှစ်သက်ကြသဖြင့် စာသင်တိုက်ထဲတွင် ဧည့်သည် အာဂန္တု တွေ့ရခဲသည်။ ထို့ကြောင့် စာသင်သားများ အပါအဝင် စာသင်တိုက် ဆရာတော်များသည် ပြင်ပဆက်ဆံ ရေးကျဲသကဲ့သို့ သဘောဆောင်ကာ လာဘ်လာဘလည်း နည်းပါးတတ်ပေသည်။

စာသင်သား သံယာတော်တစ်ပါးအနေနှင့် တစ်နှစ်လုံးနေ၍ အပင့်အဖိတ် တစ်ခါလိုက်ရဖို့ဆိုသည်မှာ လွယ်သည့် ကိစ္စ မဟုတ်ပေ။ စာချဆရာတော်များမှာမူ နှစ်ပေါက်ဆိုလျှင် အတန်အသင့် အပင့်အဖိတ် လိုက်ရသည် မှန်၏။ သို့သော် စာသင်သား သံယာများထဲမှ အပတ်စဉ် စာမေးပွဲများတွင် နံပါတ် (၁) ရသူအား ဆုချရသည်ကတစ်မျိုး၊ နွေရာသီ အစိုးရ

စာမေးပွဲနီးလျှင် နှစ်စဉ်ကျင်းပမြဲ ကျောင်းတိုက် စာမေးပွဲတွင် အထူးအောင် ပုဂ္ဂိုလ်များအား ဆုချရသည်က တစ်ဖုံနှင့်ပင် ရတတ်သမျှ လာဘ်လာဘမှာ ပညာရေးဘတ်ဂျက် ခွဲတမ်းထဲ ရောက်ကုန်တတ်သည်က များပါသည်။

ယနေ့ ဥပုသ်နေ့----၊ စာဝါပိတ်ရက်။

အပြင်သို့ ထွက်ရန် ထီးဖိနပ်ပြင်ပြီးခါမှ အုံ့မှိုင်းရွာချလာသော မိုးကြောင့် ဦးကုဏ္ဍလမှာ အပြင်သို့ မထွက်ဝံ့သေးဘဲ လှေကားရင်း သယ်လည်အောက်တွင် ရပ်နေရသည်။ တအားသွန်ကျလာသော မိုးသီးမိုးပေါက်များကိုကြည့်ရင်း ဦးကုဏ္ဍလ ရင်ထဲ သံဝေဂရသလိုလို ဝမ်းနည်းမိသလိုလို စိတ်များ ဝင်လာမိသည်။

ယခု ဦးကုဏ္ဍလလက်ထဲရှိ ဒွိစုံသက်နှုံးတစ်စုံသည် မကြာမတင်လောက်သောကာလတွင် ဘုရားဈေး သက်နှုံး ပရိက္ခရာဆိုင်သို့ ရောက်ကာ တစ်မျိုးတစ်မည် လုပ်ရပေတော့မည်။ ထိုမှ လဲလှယ်ရရှိလာသော အနာမာသဖြင့် စာချခန်းမထဲမှ တိုင်ကပ်နာရီကို နာရီပြင်ဆိုင်အပ်၍ အချိန်မှန်နာရီကောင်းဖြစ်အောင် ဆက်လက် လှုပ်ရှားရပေဦးမည်။ ထိုကိစ္စအားလုံးတိုက်အုပ်ဆရာတော်က ဦးကုဏ္ဍလအား တာဝန်ပေးထားသည်။

နံနက်က အဖြစ်အပျက်သည် တိုက်အုပ်ဆရာတော်အား စိတ်ထိခိုက်သွားစေသည်လည်း အမှန်ဖြစ်ပေ၏။

တိုက်အုပ်ဆရာတော်သည် နံနက် ၇-နာရီ အဌသာလိနီစာဝါကို ပို့ချ၏။ ထိုစာဝါသည် စာချတန်း စာသင်သားများအဖို့ အိပ်ငိုက်၍ အကောင်းဆုံး စာဝါပင် ဖြစ်သည်။ အရုဏ်ဆွမ်းကို နံနက် ၅-နာရီထ၍ အလျည့်ကျ ရဟန်းတို့ အလှည့်ကျ သံဃာတော်များ သွားရောက်ခံယူခဲ့ပြီး ၆-နာရီခွဲခန့်တွင် အရုဏ်ဆွမ်းဘုဉ်းပေးကြသည်။ ပြီးသော် ၇-နာရီ စာဝါကြောင့် ကျန်းမာရေးအတွက် အညစ်အကြေး စွန့်သည့် ကိစ္စကိုပင် မနည်းကြီး လုကြရသည်။ သံချောင်းခေါက်၍ စာချဆရာတော်က စာဝါစ၍ ပို့ချပြီဆိုသည်နှင့် ဆွမ်းဆိပ် (ထမင်းဆိပ်) က တက်လေပြီ။ အားလျားမှောက် ကိုယ်အနေအထားတွင် ငုံ့ထားသော ဦးခေါင်းများမှာ ဖွင့်လှန်ထားသော စာအုပ်မျက်နှာပေါ်သို့ တဖြည်းဖြည်း နီးကပ်သွားကာ ဒုန်းခနဲသွားထိမှ အိပ်ငိုက်ရာမှ လန့်ဖျပ်နိုးတတ်ပါလေတော့သည်။ တိုက်အုပ်ဆရာတော်ကား ကိုယ်ချင်းစာနာစိတ်ဖြင့် ယင်းကိစ္စနှင့်ပတ်သက်ပြီး မြည်တွန်တောက်တီးခြင်း တစ်ခါမျှ မပြုခဲ့ဖူးရှာပေ။

နံနက်က အဖြစ်အပျက်တွင် သူ့အပြစ် လုံးလုံး ဖြစ်နေ၍ တိုက်အုပ်ဆရာတော် စိတ်ထိခိုက်မည်ဆိုက စိတ်ထိခိုက်

စရာပင်။ ဆရာတော်သည် သူလည်း အရုဏ်ဆွမ်းခံ ကြွလိုက်သူပင် ဖြစ်သည်။ အိပ်ငိုက်ချင်သော်လည်း သန်းဝေခြင်းကိုပင် မပြုဘဲ စာကို စိတ်ဝင်တစားပို့ချနေခဲ့၏။ မည်မျှအထိ စာဝါကို စိတ်ဝင်တစား ပို့ချနေသနည်းဆိုပါက မိမိပို့ချသောစာဝါ မည်မျှ ကြာသွားခဲ့သည်ကိုပင် မခန့်မှန်းတတ်ခဲ့နိုင်ပေ။ နံရံမှ တိုင်ကပ်နာရီ အားကိုးဖြင့် စာဝါကို ပို့ချ၍ ကောင်းကောင်းနှင့် အဆက်မပြတ် ပို့ချလျက် နေခဲ့၏။

စာသင်သား သံယာများ လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်ကိုလည်း သတိမပြုမိ။ ဘယ်သတိပြုမိပါမည်နည်း။ နံရံမှ တိုင်ကပ်နာရီလက်တံများက ၈-နာရီခွဲအချိန်ကိုသာ ပြည့်ဆွန်းထားပေသည် မဟုတ်ပါလား။ နာရီချိန်သီးကလည်း လှုပ်ယမ်းမြဲ လှုပ်ယမ်းလျက် လက်တံအရှည်အတို ရွှေ့မလိုက်သည်ကား ကြည့်သူ၏အပြစ် မဟုတ်ပါပေ။

စာဝါရပ်နားချိန်တွင် တကယ်နာရီမှန်မှာ ၁၀-နာရီ ထိုးရန် ၁၀-မိနစ်သာ လိုတော့သည်။ စာလိုက်သံယာ ၅၀-ခန့်အနက် ထက်ဝက်ခန့်မှာ နေ့ဆွမ်းခံရပ်ကွက် ဝေးသဖြင့် ဆွမ်းခံမထွက်နိုင်ကြတော့ပေ။

ကျောင်းတိုက်အနေနှင့်လည်း သီးသန့်တာဝန် မယူနိုင်ရကား ထိုနေ့အဖို့ သံယာအပါး ၂၀-ကျော်လောက်မှာ အခြားသံယာများထံမှ မျှတလျက် ဆွမ်းဘုဉ်းပေးရတော့လေသည်။

ဤတွင် တိုက်အုပ်ဆရာတော်က ဦးကုဏ္ဍလအား ခေါ်၍ ဗီရိုထဲမှ သင်္ကန်းဒွိစုံတစ်စုံ ထုတ်ပေးသည်။ ထိုသင်္ကန်းကို အနာမာသဝတ္ထုနှင့် လဲလှယ်ကာ စာချခန်းမှ နာရီကို နာရီပြင်ဆိုင်တွင် ပြုပြင်ရန် တာဝန်ယူပေတော့ဆိုသည့် သဘောပင် ဖြစ်ပေ၏။

ယခင်တစ်ကြိမ်ကလည်း ဤနာရီ (မဟာဒုဋ္ဌနာဠိကာ) ပင် ဒုက္ခပေးဖူးရာ နာရီပြင်ဆိုင်သို့အပ်ဖူး၏။ နာရီပြင်ဆိုင်က ပစ္စည်း ၂-မျိုး လဲလိုက်လျှင် လုံးဝကောင်းသွားမည် ပြောသော်လည်း ကျသင့်ငွေ မတတ်နိုင်သဖြင့် ငွေနည်းနည်းဖြင့် လက်ပူတိုက် ပြင်ဆင်ထားခဲ့၏။ စာသင်တိုက် ဆရာတော်များမှာ မပြည့်စုံ ကြသဖြင့် နာရီအသစ်ကို မမှန်းရပေ။ နာရီအဟောင်းကိုသာ လုံးဝကောင်းအောင် ပြင်ဆင်ထားမှ ဖြစ်ပေတော့မည်။

မိုးတိတ်သွားပေပြီ။

ဦးကုဏ္ဍလသည် သင်္ကန်းဒွိစုံကို သင်္ကန်းရုံအောက် ထိုးသွင်း၍ ချိုင်းကြားညှပ်ကာ ကျောင်းပေါက်ဝဆီသို့ ရှေးရှုလှမ်းထွက်ခဲ့ပေသည်။

ကျောင်းပေါက်ဝ မုခ်ဦးတွင် 'အနတိတ သတ္ထုကမေဝ ပါဝစန်' ဟု ပါဠိကဗျည်း ထိုးထားသည်။ အဓိပ္ပာယ်မှာ ဗုဒ္ဓ၏ အဆုံးအမ ပရိယတ် ပဋိပတ် ဓမ္မများ ရှင်သန်ပွားများနေသမျှ ဆရာဘုရား လွန်ပြီ မဆိုနိုင်သေး-ဟူ၍ ဖြစ်ပေသတည်း။ □

ပုဒ်ဖြတ်တတ်လျှင် ဉာဏ်ကြီးရှင်

အဋ္ဌကထာဆရာ, ဋီကာဆရာမှစ၍ ရှေးရှေးကျမ်းပြုမထေရ်အဆက်ဆက် (ပရမ္ပရာစရိယ) တို့၏ အစဉ်အဆက်ထားတော်မူသော ကျင့်ဝတ်တစ်ခုကား ကျမ်းပြုရာတွင် လျှောက်ထားကောင်းပန်သူ (အဘိယာစက) ပုဂ္ဂိုလ်ထား၍ ကျမ်းပြုတော်မူကြခြင်း ဖြစ်သည်။ မိမိကိုယ်ကို မြှင့်တင်ခြင်း (အတ္တုက္ကံသန) အမှုမျိုးအတွက် ဝန်လေးတော်မူကြခြင်းပင် ဖြစ်ပေမည်။ ထိုအကြောင်းကို ကျမ်းဦးစာ (ပဏာမအာသီသ) တွင် ပါရှိတတ်ရာ ယနေ့အထိပင် အဘိယာစကပုဂ္ဂိုလ်ကို ကျမ်းစာနိဒါန်းပိုင်း၌ တစ်နည်းမဟုတ်တစ်နည်း ဖော်ပြထားတတ်သည်ကို ကျမ်းအချို့၌ တွေ့နိုင်၏။

အဘိယာစကပုဂ္ဂိုလ် တပည့်ဒါယကာ၏ လျှောက်ထား တောင်းပန်မှုမှ ကျမ်းစာအစောင်စောင် ဖြစ်ထွန်းလာသကဲ့သို့ ပညာရှင် အချင်းချင်း လျှောက်ထားတောင်းပန်မှုများလည်း ရှိခဲ့သည်ပင်။ မြန်မာစာပေတွင် ကျည်းကန်ရှင်ကြီးမေး၍ ကျီးသဲလေးထပ်ဆရာတော် ဖြေ ကြားရာမှ စွယ်စုံကျော်ထင် အမေးအဖြေကျမ်းဟူ၍ ဖြစ်ပေါ်ခဲ့သည်မှာ အထင်အရှားဖြစ်၏။

အခြားကျမ်းတစ်စောင်ဖြစ်သည့် သတပဒိကပုစ္ဆာ အမေးအဖြေကျမ်းမှာလည်း ပညာရှင်အချင်းချင်း လျှောက်ထားတောင်းပန်မှု (အဘိယာစက) ကြောင့် ပေါ်ထွန်းခဲ့ခြင်းဖြစ်ပေ၏။

အမေးလေးတွေ- အဖြေငါးပါး ဆိုရာဝယ် သိရှိလို၍ မေးလျှောက်ခြင်းတွင် ပြဿနာမရှိသော်လည်း နှီးနှောလို၍၊ အမျှားအကျိုး ပွားတိုးလို၍ မေးလျှောက်ခြင်းတွင်မူ အမေးက ခက်သလား၊ အဖြေက ခက်သလား ပြဿနာ ရှိနိုင်ပေသည်။ မေးသူကလည်း အကြောင်းအကျိုး နှိုင်းချိန်မေးရ၍ ဖြေကြားသူကလည်း အကြောင်းနှင့်အကျိုး ဆင်ခြင်ဖြေကြားရသည်။

ကျောင်း စာမေးပွဲများတွင် ဖြေသူ ကျောင်းသားများ အခက်ကို ကြည့်၍ သာမန်အားဖြင့် တွေးဆလျှင် အဖြေခက်သည်ဟု ယူဆဖွယ် ရှိလေသည်။ သို့သော် ထိုမေးခွန်းကို မှန်ကန်စွာ မေးနိုင်အောင် ကျောင်းဆရာသည် ကနဦးလေ့လာထားနှင့်ရသည်ကိုပါ ထည့်သွင်းတွက်ချက်သော် အမေးကောမခက်သလောဟု စောဒကတက်ဖွယ် ရှိသည်။ ကျောင်းဆရာ အနေနှင့် ထိုအမေး၏ အဖြေကိုပါ ကြိုတင်ရေးသားထားရသည် မဟုတ်ပါလော။

မသိ၍မေးသည်ကို ဖြေကြားရခြင်းထက် သိလျက်မေးသည်ကို ဖြေကြားရခြင်းက ပညာရှိများပင် ရှုံ့ကြရလေသည်။ အဘယ်ကြောင့်ဟူမူ မေးသူတွင် နှလုံးသွင်း အာဘောဂရှိနှင့်ပြီးဖြစ်၍ ထိုအာဘောဂနှင့် လွဲချော်ခဲ့လျှင် ပညာရှိများအဖို့ ဘာမဟုတ်တာကလေးနှင့် ချောက်ကျနိုင်၍ ဖြစ်လေသည်။

ပညာရှိတို့အဖို့ ဘာမဟုတ်တာကလေးနှင့် ချောက်ကျခဲ့ဖူးပေါင်း များခဲ့ပေပြီ။

ပါဠိတက္ကသိုလ် စာသင်တိုက်မှ ဦးပဉ္စင်း တစ်ပါးသည် ခေါင်းခဲစရာ ပြဿနာတစ်ခုကို ရင်ထဲထည့်၍ ဆွမ်းခံကြွနေသည်မှာ နှစ်ရက်ရှိပေပြီ။ မဖြေဆိုနိုင်သော ပြဿနာ အမေးခံရ၍တော့ မဟုတ်။ ဆွမ်းခံအိမ်တွင် ကျောင်းသားငယ် စာကျက်သော သင်ပုန်းပေါ်မှ စာကြောင့် ဖြစ်သည်။ သင်ပုန်းပေါ်တွင် စာတစ်ကြောင်း ရေးထားသည်။

'မကရင်မကရင်ကမကရင်က'

ဘာစာမှန်းလည်း မသိ။ အဓိပ္ပာယ်လည်း စဉ်းစားမရ။ မေးရအောင်ကလည်း မိမိနှင့်ဆိုင်စရာအကြောင်း မရှိ၍ မမေးအပ်ဟု သဘောရသည်။ သို့သော် အဖြေမှန်ကို မသိရဘဲ နေ့စဉ် မြင်မြင်နေရသော သင်ပုန်းပေါ်ရှိ စာတစ်ကြောင်းက ဆွမ်းခံဦးပဉ္စင်းအား နေ့စဉ် မေးခွန်း မေးမေးနေသကဲ့သို့ ရှိတော့သည်။

ယနေ့တော့ ဆွမ်းလောင်းသူ ဒါယကာကြီးနှင့် စကားနိုးစပ်သွားရင်း သင်ပုန်းပေါ်က စာတစ်ကြောင်းကိုကောက်၍ မေးမိသည်။

"ဒါယကာကြီး သင်ပုန်းပေါ်က စာက ဘာအဓိပ္ပာယ်လဲ"

ဒါယကာကြီးက ပြုံး၏။ မနီးမဝေးတွင် ဆော့ကစားလျက် ရှိသော မူလတန်းရွယ် သားငယ်အား လှမ်းခေါ်သည်။

"သားငယ်- သားရေးထားတဲ့စာ ဘုန်းဘုန်းကို အဓိပ္ပာယ် ရှင်းပြစမ်းပါဦး"

သားငယ်သည် ကစားနေရာမှ ထလာ၍ အဓိပ္ပာယ် ရှင်းပြသည်။

"ပုဒ်ဖြတ်တတ်မှ ဖတ်ရတာလွယ်တာ။ (မ-ကရင်မ, ကရင်က, မကရင်-က) လို့ဖတ်ရတယ်"

ပုဒ်ချဲ့ သို့မဟုတ် ပုဒ်ဖြတ်ကို သဘောပေါက်သွားတော့မှ ဆွမ်းခံဦးပဋ္ဌင်းမှာ ပြဿနာအလုံးကြီး ရင်ထဲကျသွားပေတော့သည်။ ❑

-------o-------

သ-ဝါကျ

နောက် ဦးပဉ္စင်းတစ်ပါးလည်း ဆွမ်းခံအိမ်မှာပင် ပဟေဠိ မေးခွန်းတစ်ခုနှင့် ကြုံပြန်၏။

ဆွမ်းခံအိမ်မှ ကလေးငယ်နှင့် ရင်းနှီးနေပေရာ တစ်နေ့နံနက် ဆွမ်းခံကြွလာခိုက် ဦးပဉ္စင်းအား ကလေးငယ်က မေးခွန်းတစ်ခု မေးသည်။

"ဘုန်းဘုန်း- (သ) နဲ့ချည်း ဆယ့်ခုနစ်လုံးရအောင် ဝါကျလုပ်တတ်သလား။ သမီး လုပ်တတ်တယ်"

ဦးပဉ္စင်းမှာ သမီးငယ်၏ အမေးကြောင့် မျက်စိကျယ်သွားရသည်။ ကြားဖူးသိဖူးထားသည်မှာ (သေသော သူသည် သုသာန်သို့ သွားသည်) ဟု သ-ကိုးလုံးသာရှိပြီး (သ) ၁၇-လုံးရအောင်ဆိုတော့ နှစ်ပြန်နီးပါးမို့ မကြားဖူးပေ။

နောက်ဆုံးတွင် ဆွမ်းခံဦးပဉ္စင်းသည် သမီးငယ်အား ပန်းပေးလိုက်ရကာ ကလေးငယ်ထံမှ ပညာတစ်ခု သင်ယူဆည်းပူး လိုက်ရပေတော့၏။ ကလေးက နှုတ်တက်ရွတ်ဖတ်ပြလေ၏။

'သေသောသူသည် သက်သက်သာသာ သုသာန်သို့ သွားသေသင့်သေးသည်သာ' ❑

နောက်တီးနောက်တောက်
လက်သမားဆရာ

တစ်ရံသောအခါက ပရိယတ္တိစာသင်တိုက် ဆရာတော်သည် အိမ်သစ်တက် ဘုရားအနေကဇာတင် ပင့်၍ နောက်ပါ သံယာကိုးပါးနှင့်အတူ ကြွသွားသည်။ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းကိစ္စ ပြီးစီးသော် ဗုဒ္ဓဆင်းတုနှင့် ဘုရားကျောင်းဆောင် လိုက်ဖက်လွန်းလှသဖြင့် ဘုရားစင်အနီးသို့ ကိုးကပ်ကြည်ညိုကြည့်ရှုမိသည်။

ပန်းပုနှင့် လက်သမားလက်ရာ သည်မျှကောင်းမွန်လှသည် မဆိုနိုင်သော်လည်း ဆင်းတုနှင့် ကျောင်းဆောင်ထက်အောက် ညီညွတ်လိုက်ဖက်မှုက ရှုမ၀ ကြည်ညိုရ၍ မဆုံးရှိဘိ၏။ ဆရာတော်သည် ဗုဒ္ဓဂုဏ်တော်ကို ရွတ်ဆို၍ ကြည်ညိုနေရင်းမှ ကျောင်းဆောင် ရှေ့မျက်နှာစာ အောက်ခြေတွင် ရေးထွင်းထားသည့် စာတစ်ကြောင်း တွေ့၍ စာကြည့်မျက်မှန်ထုတ်ယူတပ်ကာ စာကြောင်းကို ဖတ်ရှုကြည့်မိ၏။

"ပါကြဖတ်တွေးရေးပြန်နောက်ကိုစာရွှေ"

အကြိမ်ကြိမ် ဖတ်ကြည့်၍ မြန်မာစာလုံးဖြင့် ရေးထားမှန်းတော့ သိ၏။ အဓိပ္ပာယ်ဖော်မရ။ ဘေးမှ စာချဘုန်းကြီးအား ဖတ်စေကာ အဓိပ္ပာယ်ပြန်ခိုင်း၏။ မရ။ အနီးရှိသံယာအားလုံး တစ်ပါးပြီးတစ်ပါး ဝိုင်းဖတ်ကြ၏။ အဖြေတစ်မျိုး နှစ်မျိုး ထွက်လာ၏။ သို့သော် အဓိပ္ပာယ် မဆီငေါ်။

နောက်ဆုံးတွင် ဘုရားဒါယကာအား အနီးခေါ်မေးရ၏။

"တပည့်တော်လဲ အဓိပ္ပာယ် မသိဘူးဘုရား။ လက်သမားဆရာ ရေးထွင်းပေးလိုက်တာ။ ဘုရားရှိခိုးစာလားလို့ ဘုရာ ;"

"နောက်တီးနောက်တောက် လက်သမားဆရာပဲ"

ဆရာတော်၏ မှတ်ချက်ကြောင့် ဘုရားဒါယကာမှာ စိတ်ဓနိုးစနောင့်ဖြစ်ကာ အားရက်တစ်နေ့တွင် လက်သမားဆရာအား သွားရောက် မေးကြည့်ရသည်။ လက်သမားဆရာ ထံမှ အဖြေရသောအခါ ဆရာတော်အား လာရောက်လျှောက်ထားရှာ၏။

စာမှာ နောက်ဘက် (ယာဘက်)မှ ပြန်ဖတ်ရမည့်စာဖြစ်ပြီး အဓိပ္ပာယ်မှာလည်း ရှင်းနေပါ၏။

"ရွှေစာကို နောက်ပြန်ရေး တွေးဖတ်ကြပါ" □

ဗြုတ် ကျောင်းနှင့် ဗုဒ္ဓိုင်း

ရှေးသရောအခါက ပါဠိသဒ္ဒါစာချအကျော် ပညာရှိ ရဟန်းတော်တစ်ပါး ကျွဲကျောင်းသားနှင့် ရက်ကန်းသည်မတို့၏ သဒ္ဒါဆိုင်ရာ အမေးပုစ္ဆာကို ဖြေနိုင်ခက်ခဲ့ဖူးသေး၏။ ရှေးသရောအခါ ဆိုသော်လည်း ကျွဲကျောင်းသား၊ ရက်ကန်းသည်မတို့ပင် သဒ္ဒါစာချအကျော် ဆရာတော်ထံ ဝင်ဆံ့ပုံကို ထောက်သော် ပါဠိစာပေထွန်းကားခဲ့ဖူးသည့် သီဟိုဠ်နှင့် ခေတ်ပြိုင် ပုဂံခေတ်က ဖြစ်ဖွယ်ရှိလေသည်။

ကျွဲကျောင်းသားက မေးသည်မှာ (ဗြုတ်ကျောင်း) ပုဒ်၏ သဒ္ဒါရေးနှင့် အဓိပ္ပာယ် ဖြစ်သည်။ သဒ္ဒါကျမ်းအစောင်စောင် ပတ်ချာလည်သွား၏။ မဖြေနိုင်ခဲ့ပေ။ (ဗြုတ်ကျောင်း) ပုဒ် အတွက် ခေါင်းခြောက်၍မှ မပြီးသေး၊ ရက်ကန်းသည်မ၏ (ဗုဒ္ဓိုင်း) ပုဒ် အဆုံးအဖြတ်က ရောက်ရှိလို့ လာပြန်သည်။ ဗုဒ္ဓော, ဗုဒ္ဓံ- ပုဒ်များကဲ့သို့ ဗုဒ္ဓိုင်းပုဒ် ရှိနိုင် မရှိနိုင် အဆုံးအဖြတ် ပေးရမည် ဖြစ်လေသည်။ သဒ္ဒါကျော် ကျမ်းတတ်ဆရာတော်သည် ကျွဲကျောင်းသားနှင့် ရက်ကန်းသည်မတို့၏ အမေးပုစ္ဆာများနှင့်ပတ်သက်၍ ဖြေဆိုရန် အဖြေရှာမတွေ့ခဲ့ပေ။

ဖြေဆိုရန်အဖြေ ဘယ်မှာ ရှာတွေ့နိုင်ပါမည်နည်း။

စင်စစ် ကျွဲကျောင်းသားနှင့် ရက်ကန်းသည်မတို့သည် 'အသံရှိလျှင် သဒ္ဒါရှိမည်'ဟု ယုံကြည်နေကြ၏။ ကျွဲကျောင်းသားသည် နေ့စဉ် ကျွဲကျောင်းရင်း တစ်ရံမလပ် ကြားနေရသော ကျွဲခလောက်မှ 'ဗြုတ်ဂျောင်း- ဗြုတ်ဂျောင်း' မည်သံ၏ သဒ္ဒါရေးကို သိချင်နေသည်။ ထို့အတူပင် ရက်ကန်းသည်မမှာလည်း ရက်ကန်းကြိုးကို ဆွဲလိုက်တိုင်း ဆွဲလိုက်တိုင်း လွန်းအိမ်မှ လွန်းပြေးထွက်သံနှင့် ရက်ကန်းတစ်ဖက်ထိပ်သို့ လွန်းထိရိုက်သံနှစ်ခု ပေါင်းစပ်လျက် မြည်မြည်နေသော 'ဗုတ်ဒိုင်း- ဗုတ်ဒိုင်း' အသံ၏ သဒ္ဒါကို သိချင်နေသည်။ ဗိုင်းထုပ်ဟူသော အခေါ်ကို ပြောင်းပြန်ခေါ်လျှင်လည်း 'ဗုတ်ဒိုင်း' ဟု အသံတစ်ခု ရပေသေး၏။

ဤတွင် ကျွဲကျောင်းသားနှင့် ရက်ကန်းသည်မတို့သည် သဒ္ဒါအကျော် ကျမ်းတတ်ဆရာတော်ထံ ချဉ်းကပ်၍ အသီးအသီး မေးလျှောက်ကြခြင်း ဖြစ်သတည်း။ □



လျှာလိပ်ကောင်းသူ

အမြန်မီးရထားကြီးသည် ခရီးစဉ်တစ်လျှောက် တစ်ဘူတာပြီး တစ်ဘူတာ ဖြတ်ကျော်ခုတ်မောင်းလျက်ရှိ၏။

ကုန်းရေလေခရီးစဉ် အားလုံးတို့သည် မြို့တော်ကြီး ရန်ကုန်သို့ ဦးတည်ရေးဆွဲထားကြရ၏။ ထိုခရီးစဉ် အားလုံးဖြင့် ရန်ကုန်မြို့တော်သို့ ၂၄-နာရီ ဝင်လာမစဲ ခရီးသည်တို့သည် မြို့တော်မှ ထွက်ခွါ၍ ပြန်ဝင်လာကြသူများမှအပ စင်စစ် ရန်ကုန်မြို့၏ ဧည့်သည်တော်များပင် ဖြစ်ပေသည်။

မြစ်ဝကျွန်းပေါ် တောမြို့လေးတစ်မြို့မှ ဆွေမျိုးများ၏ အလှူပွဲသို့ သွားရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လာကြသော သားချင်းမိသားစုတစ်စုသည် မီးရထားပေါ်ဝယ် စုစုဝန်းဝန်း ရယ်မောပြောဆိုကာ စီးနင်းလိုက်ပါလာခဲ့ကြ၏။ ထိုအလှူပွဲပြန် အဖွဲ့နှင့် ထိုင်ခုံချင်း ကပ်ကျလျက် အဖော်မပါ တစ်ဦးတည်း စီးနင်းလိုက်ပါလာသူကား ကိုရင်ငယ်တစ်ပါး ဖြစ်သည်။

ကိုရင်သည် စကားပြောဖက်မရှိဘဲ တစ်ဦးတည်း ငေါင်းစင်းစင်းနှင့် ငြိမ်သက်ငေးမောလာခဲ့ရ၏။ မြန်မာလူမျိုးတို့သည် ရင်းနှီးဖော်ရွေတတ်သည့်အလျှောက် တစ်နေ့တာ

တစ်ခရီးတည်း အတူတကွ သွားကြရုံနှင့် မိတ်ဖွဲ့ရင်းနှီးကာ ငြီးငွေ့ဖွယ်ရာ အချိန်ကာလတာများကို ကုန်လွန်သွားစေ တတ်ကြလေ၏။ လူမျိုး၏ ချစ်စရာ့ဓလေ့တစ်ခုပင် ဖြစ်ပါသည်။

ကိုရင်သည် အလျှုပ်ပြန် မိသားစုအဖွဲ့နှင့် ရောနှော ပြောဆို လိုက်ပါချင်၏။ သို့သော် ကိုရင်၏ သိက္ခာကျင့်ဒြေနှင့် အသာနှုတ်ဆိတ်၍ လိုက်ပါလာခဲ့သည်။

ဘူတာရုံတစ်ခုတွင် မီးရထားရပ်သောအခါ အလျှုပ်ပြန် မိသားစုအဖွဲ့သည် ဘူးသီးကြော်တစ်ထုပ်ကြီး ဝယ်စားကြရင်း ဘူးသီးကြော် ၅-ခုကို ကိုရင်အား တရိုတသေ ကပ်ကြသည်။ ကိုရင်က အတင်းငြင်းပယ်ပါသော်လည်း မရတဲ့ လက်ခံ လိုက်ရရာမှ မိသားစုအဖွဲ့နှင့် ရင်းနှီးစပြုသွား၏။

မိန်းမရွယ် ဒါယိကာမတစ်ဦးက ကိုရင်အား မေးလျှောက်သည်။

"ကိုရင် ဘယ်ကြွမှာလဲ ဘုရား"

"ရန်ကုန်"

"ရန်ကုန် ဘယ်ကျောင်းတိုက်လဲ ဘုရား"

"သရက်တောကျောင်း"

အဖွဲ့ခေါင်းဆောင်ဟု ထင်ရသော ဒါယကာကြီးကလည်း ကိုရင်အား ခင်မင်စိတ်ဝင်လာပြီး ဝင်မေးလျှောက်သည်။

"ဩော်-- ကိုရင်က သရက်တောကျောင်းကလား။ အဲဒီမှာ စာသင်နေတာပေါ့ ဟုတ်လား"

ကိုရင်က ဘူးသီးကြော် ဘုဉ်းပေးရင်းမှ ခေါင်းညိတ်ပြသည်။

"ခု ကိုရင် ဘာစာတွေ သင်နေလဲ ဘုရား"

"ပရိတ်ကြီး"

"တပည့်တော်လဲ ပရိတ်ကြီး ငါးသုတ်လောက်တော့ အာဂုံရတယ်၊ ဆယ့်တစ်သုတ်လုံးတော့ မရဘူး ဘုရား။ ကိုရင် ပရိတ်ကြီး ဘယ်သုတ် ရောက်ပြီလဲ"

"ရတနသုတ်"

"ရတနသုတ်မှာ ခက်တဲ့ဂါထာ ရှိပါတယ်။ အဲဒီဂါထာ ရောက်ပြီလား။ ဘာဂါထာ--"

"ဝရော ဝရညူ ဝရဒေါ ဝရာဟရော"

ဒါယကာကြီးသည် ကိုရင်၏ လျှာလိပ်သံကို သဘောကျကျ နှင့် ဆက်မေးနေခြင်းဖြစ်သည်။

"ကိုရင်က လျှာလိပ်သံ ကောင်းမှကောင်းဟေ့"

"ဝှရီး"

ဝှရီး-မှာ ကိုရင်၏နှုတ်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ထိုအခါကျမှ ကိုရင်ကို နောက်ရွှတ်တတ်မှန်းသိရှိကာ ကိုရင်နှင့်

အလျှုပ်ပြန် မိသားစုတို့ ရင်းနှီး ရယ်မော ကျွမ်းဝင်သွားကြ လေသတည်း။ □

မှတ်ချက်။ ။ ရ-ကို ရကောက် (R) သံထွက်၍ ဖတ်ကြည့်ပါ။



ဗမောက်တစ်ယာ ရေစက်ချ

ရဟန်းတော်များသည် မိမိတို့၏ဇာတိ ရွာဦးကျောင်းတွင် ကျောင်းသားငယ် ရှင်သာမဏေဘဝဖြင့် မူလဘူတ အခြေပြု ပျိုးထောင်ပြီး ထိုမှ စာသင်တိုက်သို့ တက်လှမ်းလျက် အထက်ဆင့် ပရိယတ်စာပေများကို သင်အံ့ ကျက်မှတ်ကာ ပညာတတ်သိကွာရှိ ရဟန်းပဉ္စင်းဘဝကို ဆင့်ကဲ ထူထောင်ခဲ့ကြရ၏။

မြို့မှ ပရိယတ္တိစာသင်တိုက်သို့ ကိုရင်တစ်ပါး, ရဟန်းတစ်ပါး ပို့ထားပြီးနောက် ရွာမှ ဆရာသမားအပါအဝင် ခမည်းတော် မယ်တော်များ၊ ဦးကြီး ဦးလေး၊ ဒေါ်ကြီး ဒေါ်လေးများမှာ မိမိတို့ ပျိုးထောင်ထားသည့် တပည့်-သား-တူအတွက် အစစထောက်ပင့်ကြရင်း ဝမ်းသာဂုဏ်ယူမဆုံး ရှိတတ်ကြ၏။ ရွာမှ မိဘဆွေမျိုးများသည် မြို့ကျောင်းသို့ ကျောင်းသွားတက်ပြီး ၁၀-တန်းအောင် ပြန်လာသူထက် မြို့စာသင်တိုက်သို့ ရောက်ရှိနေသော ကိုရင်တစ်ပါး သို့မဟုတ် ဦးပဉ္စင်းတစ်ပါးအား ပို၍ အားကိုး အထင်ကြီးကြပေ၏။

တစ်ခါတစ်ခါတွင် အားကိုးအထင်ကြီးလွန်းပြီး အကြွားဖက်သန်သွားသဖြင့် အမြောက်စားခံ ပုဂ္ဂိုလ်မှာ အနေရအထိုင်ရပင် ကြပ်တည်ပေသေးသည်။ အခြေပြုမူလ တန်းစာမေးပွဲ အောင်မြင်၍ ကျောင်းပိတ်ရက် ရှာသို့ ပြန်လာသော ကိုရင်အား ရေဆိပ်ကားဆိပ်သို့ အတီးအမှုတ် အက အခုန်ဖြင့် တခမ်းတနား သွားရောက်ကြိုဆိုရာ ထမ်းစင်ပေါ် လိုက်ပါ လာခဲ့ရသော ကိုရင်၏ မျက်နှာမှာ ဝမ်းသာ ဝင့်ကြွား ရမည့်အစား ညိုပုတ်နေခဲ့သည်များလည်း ရှိခဲ့၏။ အမြောက် အစားလွန်ပြီး လူ့ဘဝလိန်ပြန်သွားသော ကိုရင်များပင် ရှိခဲ့ပေ၏။

ဦးပဉ္စင်း ဦးပညိန္ဒအဖြစ်မှာမူ ထိုသို့ မဟုတ်ခဲ့။

တစ်ရံသောအခါက အကြွားလွန်သော ဦးကြီးဒါယကာ ကြောင့် တူတော်မောင် ဦးပဉ္စင်း ဦးပညိန္ဒမှာ ရေစက်ချကို ချွေးပြန်အောင် ဇာတ်ကွက်ခင်းခဲ့ရရှာဖူး၏။

ရဟန်းသုံးဝါအရ ပထမလတ်တန်း စာဖြေအပြီး နွေရက် စာဝါနားချိန် မြို့စာသင်တိုက်မှ ရှာသို့ပြန်လာသော ဦးပဉ္စင်း ဦးပညိန္ဒမှာ ရှာဦးကျောင်းဆရာတော် ခရီးထွက်ခိုက် နှင့် ကြုံနေလေသည်။ ရှာနှင့် မလှမ်းမကမ်း ကရင်ကုန်းရွာမှ ဗုဒ္ဓဘာသာဝင် ကရင်တိုင်းရင်းသားများက ဆွမ်းကပ်တစ်ခု လာပင့်ကြရာ ဆရာတော်ကိုယ်စား ဦးပဉ္စင်းဦးပညိန္ဒ ကြွလိုက်ခဲ့ ရသည်။

ကပ္ပိယကျောင်းသားအဖြစ် ဦးပဉ္စင်း၏ ဦးကြီးတော်သူ ဦးဘိုးထယ် လိုက်ပါလာသည်။ ဦးဘိုးထယ်မှာ အကြွားသန်တတ်သဖြင့် ဦးကြီးအကြောင်း သိနှင့်ပြီးသော ဦးပဉ္စင်း ဦးပညိန္ဒက 'စာသင်သား ဘဝ တရားဟော မကျွမ်းကျင်သေးကြောင်း၊ တရားရှည်ရှည် မဟောတတ်၍ တရားဟောမှ ပြောမှုနှင့်ပတ်သက်ပြီး ကြွားဝါခြင်း မပြုရန်' ကြိုတင် မှာကြားထားရ၏။

ဆွမ်းကပ်ဆွမ်းစားပြီး၍ ဆွမ်းအလှူ အကျိုးငါးပါးကို အဓိပ္ပာယ်သိသာရုံမျှ ဆွမ်းအနုမောဒနာတရား အနည်းငယ် ပြောဟောပြီးနောက် တရားလက်စ သိမ်းလိုက်သည်။ အကြောင်းသိ၍ ကြိုတင်မှာကြားထားသဖြင့် ဆွမ်းအနုမောဒနာတရား ဟောနေစဉ်အတွင်း ငြိမ်သက်နေခဲ့သော ဦးကြီးဦးဘိုးထယ်မှာ တရားလက်စသိမ်းပြီး၍ ရေစက်ချရန် ပြင်တော့မှ ဗွေဖောက်၍ နည်းနည်းမှ မကြွားလိုက်ရလျှင် လျှာယားနေသည့်အလား တစ်စခန်း ထပါလေတော့သည်။

ရေစက်ချဖို့ ရေစက်ခွက်ကို ကိုင်ခိုင်းသည်နှင့် ဦးဘိုးထယ်သည် တူဖြစ်သူ ဦးပဉ္စင်းအား ဇန်းတင်၍ လျှောက်ပါလေသည်။

"ဦးပဉ္စင်းဘုရား၊ ဦးပဉ္စင်းက ပထမလတ်တန်း အောင်ထားတာပဲ။ ပါဠိပါဌသား အကုန်ရနေတာ။ ဆရာတော်

ဦးကိတ္တိရှိတုန်းကလို ရေစက်ချတဲ့အခါ လျှုဖွယ်ပစ္စည်းအကုန် ထည့်ဆိုပေးပါဘုရား။ ဒကာ ဒကာမများလဲ သဒ္ဓါပွားတာပေါ့ ဘုရား"

ရော-ခက်ပြီ။ အလျှုဝတ္ထုများမှာလည်း အစုံပြင်ထားသည်။ အုန်းသီး၊ ငှက်ပျောသီးနှင့် ကန်တော့ပွဲ၊ မျက်နှာသုတ်ပဝါ၊ သင်္ကန်း၊ ဖယောင်းတိုင်၊ ခြောက်ပြည်ခန့်လောက်ရှိ ဆန်တောင်း၊ နဝကမ္မဝတ္ထု စသည်တို့ဖြစ်ကြလေသည်။

ဘန္တေ- အရှင်ဘုရား၊ မယ်-တပည့်တော် တပည့်တော်မတို့သည် စသည်ဖြင့် ရေစက်ချကို စတင်လိုက်ဆိုစေပြီး ပစ္စည်း ဝတ္ထု လျှုခန်းရောက်၍ အာဒိသဒ္ဒါ (အစရှိသော) ဖြင့် ပေါင်းရုံးမည်ပြုသောအခါ ဦးဘိုးထယ်သည် တူ ဦးပဉ္စင်းပါဠိစာတတ်ကြောင်း အစွမ်းပြစေလိုရကား လျှုဖွယ်ဝတ္ထုပစ္စည်းများကို တစ်ခုချင်း ကိုင်ကိုင်ပြပါလေတော့သည်။

ဦးဘိုးထယ်က သင်္ကန်းကို ကိုင်ပြသောအခါ သင်္ကန်း၏ ပါဠိကိုမူ ဦးပညိန္ဒကသိရှိသဖြင့် (စီဝရံ စ၊ သင်္ကန်းကို လည်းကောင်း) ဟု ရှေ့မှ တိုင်ပေးလိုက်၏။ တစ်ဖန် ဦးဘိုးထယ်က ဆန်တောင်းကို ပြပြန်၏။ ဦးပညိန္ဒအဖို့ စတင်၍ အခက်ကြုံပေပြီ။ ဆန်ကို ပါဠိစာလုံးတက္ကုလဟု သိ၏။ ဆန်တောင်း ပါဠိလို မသိဖြစ်နေ၏။ ဒါနှင့် (တက္ကုလ စ၊ ဆန်တောင်း လည်းကောင်း) ဟု ရောချလိုက်၏။ တစ်ခု အောင်မြင်သွား၏။

လာပြန်ပြီ။ မျက်နှာသုတ်ပဝါ မြှောက်ပြပြန်၏။ မျက်နှာသုတ်ပဝါကိုမူ ဦးပညိန္ဒ ပါဠိလို မသိပေ။ စဉ်းစားချိန်ကလည်း သိပ်မရ။ ပရိသတ်ကိုကြည့်တော့လည်း မြန်မာရည်လည်မည့်သူ မမြင်၍ သိပ်အာရုံစိုက်မည့်သူ မရှိလောက်ဟု တွက်မိပြီး ပါးစပ်ထဲ တွေ့ရာကို ပါဠိလုပ်၍ ဆိုထည့်လိုက်၏။

"မြှုတ်နှသက် စ၊ မျက်နှာသုတ်ပဝါကို လည်းကောင်း"

ဦးဘိုးထယ်က ၄က်ပျောဖီးကို ကိုင်ပြပြန်၏။

"ငပြီးသော စ၊ ၄က်ပျောသီးကို လည်းကောင်း"

ပရိသတ်မှာ ဦးပညိန္ဒ ရှေ့မှ တိုင်ပေးသမျှ အကုန်လိုက်ဆိုနေ၏။

ထိုစဉ် မမျှော်လင့်ဘဲ ပရိသတ်ထောင့်တစ်ထောင့်မှ ချောင်းဟန့်သံတစ်ခု ပေါ်လာသဖြင့် အသံလာရာဆီသို့ မလုံမလဲနှင့် ဦးပဉ္စင်း ဦးပညိန္ဒ ကြည့်လိုက်သည်။ ဒါယကာတစ်ဦး လှမ်းပြုံးပြနေသည်ကို တွေ့ရ၏။ ထိုသူမှာ အသားညိုညိုနှင့် ဗမာလူမျိုး လူရည်လည်တစ်ဦး ဖြစ်မည်ဟု ခဏချင်း ခန့်မှန်းလိုက်ပြီး ဦးပဉ္စင်း ဦးပညိန္ဒ အကြံအိုက်သွား၏။

ဒါယကာကြီး ဦးဘိုးထယ်ကလည်း ၄က်ပျောသီးပြပြီးသော် အုန်းသီးကို ကိုင်ပြနေပြန်သည်။ ဦးပဉ္စင်း ဦးပညိန္ဒလည်း သူ၏ဇာတ်ကွက်ကို လူသိနေပြီဖြစ်၍ ဆက်ခင်းရမှာ ရှက်နေ

၏။ သို့သော် ဇာတ်ထက်ဝက်ရောက်နေပြီဖြစ်ရာ ဆက်မခင်း၍ လည်း မဖြစ်။ မထူးတော့ပါဘူးဟု စိတ်ပိုင်းဖြတ်ကာ စောစော က ချောင်းဟန့်သည့် ဗမာတစ်ယောက်ဆီသို့ ရည်ညွှန်း၍ ပါဠိစီလိုက်၏။

"ဗမောက်တယာ စ၊ အုန်းသီးကိုလည်းကောင်း"

ဒါယကာကြီး ဦးဘိုးထယ်က ဖယောင်းတိုင်ထုပ်ကို ကိုင်ပြပြန်၏။

"တေတေဂနိဟ် စ၊ ဖယောင်းတိုင်ကို လည်းကောင်း"

အမှန်ကား ဦးပဉ္စင်း ဦးပညိန္ဒက ချောင်းဟန့် အချက် ပေးသူ ဗမာတစ်ယောက် (ဗမောက်တယာ) အား တိတ်တိတ် နေ (တေတေဂနိတ်) ရန် လုပ်ပါဠိဖြင့် လှမ်း၍ သတိပေး မျက်စ ပစ်ရခြင်း ဖြစ်ပါ၏။ ထိုသူမှာလည်း ဦးပဉ္စင်း ဦးပညိန္ဒ မျက်စပစ်သည်ကို သိရှိကာ ကူညီ၍ ငြိမ်သွားရှာပါ၏။

ဤသို့ဖြင့် လှုဖွယ်ပစ္စည်းများ ကုန်သည်အထိ ဦးပဉ္စင်း ဦးပညိန္ဒမှာ မသိသောပါဠိစာလုံးများကို ပြောင်းပြန် မြန်မာ လုပ်ထားသော ပါဠိများဖြင့် စခန်းသွားခဲ့ရသည်။

ရေစက်ချ ပြီးဆုံးချိန်ဝယ် ဦးပဉ္စင်း ဦးပညိန္ဒ၏ ကိုယ်မှသက်နှိုးများမှာ ရေညှစ်ယူရလောက်အောင် ဇောချွေး ပြန်ခဲ့ရသည်ကို တူ ဦးပဉ္စင်းအား ပွဲထုတ်ချင်လှသော ဦးကြီး

ဖြစ်သူ ဦးဘိုးထယ် သိရှာမည်မဟုတ်။ ထို့အတူ နောင် အလှူ
အတန်းများတွင် ဦးကြီးဖြစ်သူအား ကပ္ပိယလုပ်၍ ဘယ်တော့မှ
မခေါ်တော့ဟု ဦးပဉ္စင်း ဦးပညိန္ဒ၏ ဆုံးဖြတ်ချက်ကိုလည်း
ဦးဘိုးထယ် သိရှာမည် မထင်ပေ။ ❑

ရုပ်တွက်မလွဲ မြည်သံစွဲ

ဦးတိသဿအဖို့ ယခုလို လူသူအသံဗလံ တိတ်ဆိတ်လှသော လသာညသန်းခေါင်ယံကို အိမ်ပစ်ရမှာ နှမြောသလို ရှိနေသည်။ အမှန်က ညဉ့်ကျိန်းစက်စဉ် အတွေးတစ်စဖြင့် အိပ်မပျော်ဘဲ ရှိနေခြင်းဖြစ်၏။ ကျောင်းအပေါ်ထပ် ဝရန်တာသို့ ထွက်ထိုင်ရင်း ဝတ္ထုစာအုပ်များထဲတွင် ဖတ်ခဲ့ဖူးသလို တွေးပစ် လိုက်ခြင်းပင် ဖြစ်သည်။

ဦးတိသဿ ကျိန်းစက်မရသော အတွေးမှာ အခြားမဟုတ်။ ဤမျှ ဉာဏ်နုံ့လှသော ဦးတိသဿအဖို့ ပညာဉာဏ်ရင့်သန်မှုဖြင့် ရဟန်းဘဝကို ထူထောင်ရမည့် ရှေ့ရေးအတွက် ရင်လေးအားငယ်မိခြင်းပင် ဖြစ်ပေသည်။ ဦးတိသဿသည် ရှင်သာမဏေဘဝနှင့် သုံးဝါ၊ ရဟန်းဘဝနှင့် ရှစ်ဝါရှိပြီး စာသင်သက် ၁၁-နှစ်ခန့် ရှိခဲ့ပြီ ဖြစ်သော်လည်း ယခုထိ ပထမလတ်တန်းကို မကျော်နိုင်သေးဘဲ ရှိနေသည်။

ဦးတိသဿ ငယ်စဉ်က ရွာဦးကျောင်းတွင် သင်ပုန်းကြီးစသင်စဉ်ထဲက ဆရာဘုန်းကြီး၏ အမိန့်ရှိသံကိုပင် ယခုထိ

အမှတ်ရနေသေးသည်။ ကကြီး ခကွေး အရေးကျင့်ရစဉ် အကွာရာတစ်လုံးရေးတတ်ဖို့ကို အကြိမ်ကြိမ် ခါခါ ရေးကျင့်ခဲ့ရပြီး ရေးတတ်ပြီဟု နောက်တစ်လုံးတက်၍ ရေးကျင့်သည်နှင့် ပထမအကွာရာရေးနည်း ပြန်မရေးတတ်တော့ပေ။ ဘုန်းတော်ကြီးက သင်ပုန်းပေါ်တွင် စာလုံးကို သင်ပုန်းအပြည့် ရေးပြလျက် 'ကကြီးကို ပုတ်လောက်ရေး ပြထားတာဟော့' ဟု ညည်းညူပြောဆိုလေသည်။

ဆရာဘုန်းကြီးသည် တပည့်များအား စာသင်ပေးရာတွင် စိတ်ပါသည်ကများရာ ဦးတိသဃဲ့သို့ ဉာဏ်ထုံထိုင်းသူများအား နည်းမျိုးစုံသုံး၍ ဂရုတစိုက်ဖြင့် သင်ပေးတတ်သည်။ နမူနာများ၊ နိမိတ်ပုံများဖြင့် အစဖော်ပေးကာ ကလေးငယ်များ၏ဉာဏ်ကို နှိုးဆွပေးတတ်လေသည်။

ကကြီး ခကွေး ဇယားကို သင်ပုန်းတွင် ရေးပြထားပြီး ကကြီး ခကွေး သင်စကလေးများအား တစ်လှည့်စီ စာလုံးထောက်၍ ချပေးစေသည်။ ဉာဏ်ထုံထိုင်းသူ အချို့ကလေးများမှာ စာလုံးကို လက်ကထောက်ထားပြီး အမှားအသံထွက်ချင်ထွက်တတ်သည်။ အကွာရာအမည်ကို နှုတ်တက် ဖော်မရဘဲ စာလုံးကို လက်ကထောက်၍ ရပ်ချင် ရပ်နေတတ်၏။ ထိုအခါများတွင် ဘုန်းတော်ကြီး အနီးရှိနေလျှင် နိမိတ်ပုံတစ်ခု ပြောပြ၍ အစဖော်ပေးတတ်လေသည်။

ရွာမှာ မြစ်ချောင်းအနီး ဖြစ်သည်။ အင်းထဲ၌ ငါးဖမ်းပိုက်ကို သိမ်းဝိုက်၍ အစနှစ်ဖက်တို့ကို တဖြည်းဖြည်းစုလျက် ကမ်းပေါ်သို့ ဆွဲ၍တင်ရသော ငါးဖမ်းခြင်းကို ဝမ်းပူပိုက်ဆွဲသည်ဟု ဦးတိသဿတို့အရပ်တွင် ခေါ်လေသည်။ သင်ပုန်းတွင် ကကြီး ခကွေး ချပေးနေသော ကလေးငယ်က 'တဝမ်းပူ' ကို တုတ်နှင့် ထောက်ထားပြီး အစဖော်မရဘဲ ရှိနေပါက ဆရာဘုန်းတော်ကြီးက 'အင်းထဲမှာ ငါးဖမ်းတဲ့ဥစ္စာကြီး ဘာကြီးလဲကွာ' ဟု အစဖော်ပေးတတ်သည်။ ဤတွင် ကလေးငယ်မှာ အစပေါ်သွားပြီး 'တဝမ်းပူ' ဟု ဆက်ဆိုသွားနိုင်ပေတော့သည်။

ဦးတိသ ကလေးငယ်ဘဝ ကကြီး ခကွေး ဗျည်း ၃၃-လုံးတွင် အမှေ့တတ်ဆုံးစာလုံးမှာ 'နငယ်' ဖြစ်သည်။ အမြဲတမ်းလိုလိုပင် နငယ်ရောက်လျှင် ထစ်ထစ်နေတတ်သည်။ ဤသည်ကို ဆရာဘုန်းတော်ကြီးက နငယ်၏ အနီးစပ်ဆုံး နိမိတ်ပုံကို ပြောပြ၍ အစဖော်ပေးသည်။

"ကိုယ်ဝန်ဆောင်မိန်းမကြီး ခြေထောက်တစ်ချောင်း ဖြုတ်ရင် ဘာဖြစ်သလဲကွာ"

ဦးတိသလောင်း ကလေးငယ်သည် ဒါလည်း အစမပေါ်သေးဘဲ ရှိနေသည်။ ဆရာဘုန်းကြီးက နိမိတ်ပုံကို ပြောပြ၍ ထပ်ပေးသည်။ ဦးတိသကလေး၏ မျက်စိထဲတွင်

ခြေထောက်တစ်ဖက်ထဲရပ်နေသည့် ကိုယ်ဝန်ဆောင်မိန်းမကြီး မပျော်မပါး လဲပြိုသွားသည်ကို မြင်နေပြီး ဖြေချလိုက်သည်။

"မှန်ပါ- မိန်းမကြီး လဲသွားပါတယ် ဘုရား"

အတန်းသား ကလေးငယ်များ၏ယုယကြသလိုဘုန်းတော်ကြီးကပါ လိုက်ရယ်လေ၏။ ဆရာဘုန်းကြီး၏နှုတ်ခမ်းမှ 'သေပါတော့ ငအရယ်' ဟု မှတ်ချက်ပြု မြည်တမ်းသေး၏။

ယနေ့လည်း ကြည့်။

နေ့လယ် တစ်နာရီ သဒ္ဒါစာဝါတွင် ဦးတိသရုပ်တွက် အလှည့်၌ စာသင်သားများ၏ ဝိုင်းရယ်ခံရသည်။ မိမိ၏ဉာဏ်နှံ့နဲ့မှုကို မိမိဘာသာလည်း သိနေ၍ ရှက်တော့မရှက်။ သို့သော် ဉာဏ်ပညာအပိုင်းနှင့် ပတ်သက်၍ ရှေ့လျှောက် တွေးမိပြီး အားငယ်မိသည်ပင်။

ကစ္စည်းသဒ္ဒါ ဥဏာဒ်ကျမ်း သုတ်တစ်သုတ်မှ အဆက်ပဌာယိ-ပုဒ်ကို ရုပ်တွက်လှည့် ဦးတိသကျ၏။ ပုဒ် တည်ခြင်းလည်း ပြီးစီးသွားပြီဖြစ်၏။ သို့သော် ပစ္စည်းသက်ရန် သုတ်ကို မေ့နေပြီး ရုပ်ဆက်မတွက်နိုင်ဘဲ ဖြစ်နေသည်။ ဘေးမှ ကိုယ်တော်အား အကူအညီ လှမ်းကြည့်မိတော့လည်း ရုပ်တွက်လျှင် ဘေးမှ ထောက်မပေးရဟု တားမြစ်ချက် ရှိထားရကား စာချဘုန်းတော်ကြီးကလည်း ကြည့်နေရာ ဘေးကိုယ်တော်မှာ ထောက်ပေးရန် မဝံ့ဘဲ ရှိသည်။

စာချဘုန်းကြီး၏အသံ ပေါ်လာပြီး ဦးတိသဿအား မေးခွန်းမေး၏။

"ခွေးကို တုတ်နဲ့ပစ်ရင် ဘာဖြစ်မလဲ-- ဦးတိသ"

ဦးတိသသည် မျက်စိထဲတွင် လက်ရှိ သဒ္ဒါရုပ်တွက်နေခြင်း ပျောက်သွားပြီး ခွေးကိုတုတ်နှင့်လှမ်းပစ်သဖြင့် ခွေးကို မထိသော်လည်း ခွေးထွက်ပြေးသွားသည်ကိုသာ ခြေဝင်ယောင်လာသည်။ စာချဘုန်းကြီးကလည်း ဒုတိယအကြိမ် ထပ်၍ မေးနေပြန်ပြီ။

ဦးတိသ ခွေးပြန်လာပြီ။

ဘေးမှကိုယ်တော်က ကူပြောပေး၍ မရမှန်း သိသဖြင့် သူ၏ စာအုပ်တစ်နေရာသို့ ခဲတံဖြင့် ထောက်ပြပေးနေသည်ကိုပင် မကြည့်နိုင်အားဘဲ ရှိလေသည်။ စာချဘုန်းကြီးက တတိယအကြိမ် ထပ်မေးသည်တွင် ခွေးပြန်ရုံမက ခေါင်းပါ ချာချာလည်နေပြီဖြစ်သော ဦးတိသကလည်း ခေါင်းထဲ ပေါ်လာသည့် အဖြေကိုသာ ဖြေထည့်လိုက်တော့သည်။

"ခွေးကိုတုတ်နဲ့ပစ်ရင် ထွက်ပြေးသွားပါတယ် ဘုရား"

စာသင်သားအားလုံး၏ ရယ်မောသံမှာ မိုးချုန်းသံပမာ ဦးတိသ၏နားထဲ အုန်းအုန်းညံသွားလေသည်။ စာချဘုန်းကြီး

ကလည်း ခွက်ထိုးခွက်လန် ရယ်မောလိုက်ရသဖြင့် မျက်မှန်ချွတ်ပြီး လက်ကိုင်ပဝါဖြင့် မျက်ရည်များ သုတ်ပစ်ရသည်အထိ ဖြစ်ပေတော့သည်။

အမှန်မှာ ဥဏှာဒ်ကျမ်း သုတ်တစ်သုတ်ဖြစ်သည့် ဘဝိသတိ ဂမာဒီဟိ ဏီယိဏ်-သုတ်၏ အဆုံးတွင် 'ယိဏ်' ဟု ပါရှိရာ ခွေးကို တုတ်နှင့်ပစ်ပါက တုတ်ထိမှန်ပြီး 'ကိန်' ဟု အော်မြည်ပေမည်။ ခွေးအော်မြည်သံ ခေါင်းထဲပေါ်လာချင် သုတ်ကို အမှတ်ရစေရန် စာချဘုန်းကြီးက နိမိတ်ပုံဖြင့် အစဖော်ပေးခြင်းဖြစ်သော်လည်း ဦးတိသကား အတွေး လမ်းလွဲသွားခြင်းပါတည်း။

တဒ္ဒိတ်ကျမ်း သုတ်များထဲတွင်လည်း ဂဏနေ ဒသသ ဒ္ဒိတိစတုပဉ္စဆသတ္တအဋ္ဌနဝကာနံ ဝိတိစတ္တာရပညာ ဆသတ္တာသနဝါ ယောသု၊ ယောသုနဋ္ဌိသမာသံ ဌ္ဌရိတိတုတိ-သုတ်ရှိ၏။ ထိုသုတ်အစီအရင်တွင် ရုပ်တွက်လှည့်ကျသူ သုတ်မေ့နေပါကလည်း ထိုသုတ်၏ နောက်ဆုံးစာလုံးများကို ယူကာ စာချဘုန်းကြီးက နဲ့မှုတ်သကဲ့သို့ နှုတ်ဟန်လက်ဟန်လုပ်ပြ လျက် အစဖော်ပေးပေမည်။ ထိုအခါ ဦးတိသကဲ့သို့ အတွေး လမ်းလွဲသူသည် 'ဖောင်းတဲ့ အခါဖောင်း ပိန်တဲ့အခါပိန်' ဟု ဖြေကြားမိပေမည်လား မသိပေ။

ပါဠိသဒ္ဒါသုတ်စဉ်တွင် နဲ့မှုတ်မြည်သံဖြင့် နိမိတ်ပုံ ပြု၍ ရသော သုတ်ရှိသကဲ့သို့ ဆိုင်းတီးမြည်သံဖြင့် နိမိတ်ပုံပြု၍ ရသော သုတ်လည်း ရှိ၏။ ဆိုင်းတီးမြည်သံသုတ်မှာ ကိတ်ကျမ်း ပဌမပိုင်းက 'တုံ တုန တဗွေသု ဝါ' သုတ်ဖြစ်၏။

ဦးတိဿသည် လသာည သန်းခေါင်ယံတွင် ရှေအား ငယ်စိတ်ဖြင့် ဆက်တွေးနေဆဲ။ □



လုံ့ကိုင် ခွေးခေါ်နည်း

လုံ့ကိုင်ခွေးခေါ်နည်း

သဒ္ဒါရုပ်တွက်မပိုင်သော ကိုရင်ကြီးတစ်ပါးသည် သဒ္ဒါရုပ်တွက် အလှည့်ကျမှာကိုသာ ကြောက်ရွံ့၍ နေပေ၏။

ကစ္စည်းသဒ္ဒါကြီး တဒ္ဓိတ်ကျမ်း အဆုံးပိုင်း ရောက်သော် တေသုဝုတ္တိအစချီ သုတ်အစီအရင်တစ်ခုကိုတွေ့ရာ ကိုရင်ကြီး သဘောကျသွား၏။ ထိုသုတ်၏ အစီအရင်သည် 'ပုဒ်မပြီး သုတ်ကြီးနှင့်တွယ်' ဟု ဆိုသည့်အတိုင်း ဘယ်သုတ် အစီအရင်နှင့်မှ ပြုစုစီရင်၍မရလျှင် တေသုဝုတ္တိသုတ်ဖြင့် လိုရာပြုစီရင်လိုက်ဟု ဆိုလိုပေသည်။

ကိုရင်ကြီး ရုပ်တွက်အလှည့် ရောက်ပါပြီ။ ကိုရင်ကြီးသည် လာလာသမျှ ဘာပုဒ်လာလာ အခြားသော သုတ်အစီအရင်များကို တစ်ခုမျှ မစဉ်းစားတော့ဘဲ 'တေသုဝုတ္တိ' သုတ်အစီအရင်ကို ဆို၍ လိုသလို ပြုတော့သည်။ ထိုသုတ်ကြီးကို တစ်ပင်တိုင်ထား၍ တစ်ရုပ်ပြီးတစ်ရုပ် ပုဒ်မပြီး သုတ်ကြီးနှင့်သာ တွယ်နေပေရာ စာချဘုန်းကြီးက တားမြစ်မှ ကိုရင်ကြီး ရပ်တော့၏။

သုတ်အစီအရင်အရမူ ကိုရင်ကြီး မမှားပေ။ သို့သော် ထိုတေသုဝုတ္တိသုတ်အစီအရင်မှာ အခြားသုတ်များနှင့် စီရင်၍ မည်သို့မျှ မရမှသာ အသုံးပြုရမည်ဟူသော မှာထားချက် တားမြစ်ချက်ကို ကိုရင်ကြီးက အသိအမှတ် မပြုသည့်အတွက် ကိုရင်ကြီး၏ ရုပ်တွက်မှာ မမှားသော်လည်း အမှတ်မရသော ရုပ်တွက် ဖြစ်သတည်း။

ခွေးတစ်ကောင်အား အစာပြု၍ ခေါ်လျှင် အမြီးနှုန့်၍ လာ၏။ လက်တစ်ဖက်မှ အစာပြု၍ အခြား လက်တစ်ဖက်မှ လှံ့ကိုကိုင်ကာ ခွေးကိုခေါ်ကြည့်လျှင်မူ ခွေးသည် ခေါ်သူထံသို့ လာမည်မဟုတ်။ အမြီးသာ နှုန့်နေမည်။ လာဖို့ကား မစဉ်းစားရေးချ မစဉ်းစားပါ။ မိမိခွေးကို လာစေလိုပြီး အခြားတစ်ပါးသော ခွေးများကို မောင်းလိုလျှင်လည်း လှံ့ကိုင်ခွေးခေါ်နည်းကို သုံးကြရပေ၏။

ခွေးသခင်နှင့် ခွေးတို့၏ ထိုမြင်ကွင်းကို သဒ္ဒါဆရာသည် မြင်တွေ့ရာ သဒ္ဒါနိယံထဲတွင် တေးမှတ်ခဲ့ပုံရလေသည်။ လှံ့ကိုင် ခွေးခေါ်နည်း။

ပါဠိသဒ္ဒါတွင် ဧ၀- သဒ္ဒါသည် ဤမျှသာ, ဒါသာပဲ, အဓိပ္ပာယ်ရပြီး အခြားအရာဌာနများနှင့် ကန့်ပစ်သည့် သဘောသဘာ၀ ရှိ၏။ စ- သဒ္ဒါကား ဒါအပြင်, ဒါရော, ဒါပါ (အတူပါ) အဓိပ္ပါယ်ဖြင့် သမုစ္စည်းအနက်ကိုပြ၏။ ဧ၀-နှင့် စ-

သဒ္ဒါတို့၏ အဓိပ္ပာယ်သည် အချင်းချင်း ဆန့်ကျင်သကဲ့သို့ ရှိပေသည်။ ပါဠိတစ်ခုအတွင်း (**ဇ**၀) နှင့် (**စ**) **နှစ်ခုစလုံး** ပါရှိနေပါက ကန့်လည်းကန့် စည်းလည်းစည်းသည့် **သဘော** အဓိပ္ပာယ်ဖြင့် '**ဇ**၀-လည်းထိုင်၊ **စ**-လည်းထိုင်၊ **လုံ့ကိုင် ခွေးခေါ်** နည်း' ဟု နိယံပြုခြင်း ဖြစ်ပေသည်။

ထိုလုံ့ကိုင်ခွေးခေါ်နည်းနှင့် ပတ်သက်၍ **ကစ္စည်း** ဘာသာ ဋီကာ၌ ဤသို့ ရှင်းပြထားသည်။

စဂ္ဂဟဏံ ကတ္ထစိ ပဋိသေဓနိ၀တ္တနတ္ထံ-**စ**သဒ္ဒါသည် အချို့အချို့အရာ၌ တားမြစ်ခြင်းကို နစ်စေခြင်းအကျိုး ရှိ၏။

သဗ္ဗနာမ် သဿ သို့ နံ ၀ါ-သုတ်နှင့် အာယစတုတ္ထေက ၀စနဿတု- နှစ်သုတ်တို့၏ အစီအရင်းကို တားမြစ်သောသုတ် တည်း။ ထိုသို့ တားမြစ်ရာ၌ **ဇ**၀နှင့်**စ**ကို ဤကဲ့သို့ နှစ်ပုဒ်ပြသဖြင့် **လုံ့ကိုင်ခွေးခေါ်**နည်းဟု မှတ်ပါ။

ချဲ့ဦးအုံ့။ အခြားခွေးများနှင့် ရောနေသော **မိမိ ခွေးကလေး**အား အစာကျွေးလိုရ၍ ခေါ်ရာ၌ **အခြားခွေးတွေ** မလာအောင် လက်တစ်ဖက်က **လုံ့ကိုကိုင်**ထား၏။ **နှုတ်ဖြင့်ကား** **မိမိခွေး**ကို ခေါ်၏။ ဤအတူ **ဇ**၀- **သ**ဒ္ဒါသည် **များစွာ**သော **သ**ဗ္ဗနာမ်တို့နောင် **သ**ဿ, **သ**ို့**ဝ**ိဘတ်တို့၏ **အာ-ဇ**အပြု၊ **သ, ဇ,** **အ**ာယအပြုကို **တ**ားမြစ်ရာ၌ **ခ**ိုင်မြဲ**စေ**၏။ **စ**-**သ**ဒ္ဒါကား

ပုဗ္ဗစသော သဗ္ဗနာမ် အချို့တို့နောင် သွာ, သို့၏ အာ ဧ အပြုကို မတားမြစ်ဖို့ရာ ဆွဲယူပြန်၏။ ထိုကဲ့သို့ ဆွဲယူခြင်းကိုပင် ပဋ္ဌိသေဓ နိဝတ္တနဟုဆိုသည်။ ဧဝသည် လုံ့နှင့်တူ၍ စသဒ္ဒါကား ခေါ်ခြင်းနှင့်တူ၏။ ❑

ဆောင်။ ။ ဧဝ-လည်းထိုင်၊ စလည်းထိုင်၊ လုံ့ကိုင် ခွေးခေါ်နည်း။

အင်တာနေရှင်နယ် ဘာသာစကား

Language ဘာသာစကားတစ်ခု၏ အရေးအသား စာပေ သည် ပြုစုချိန်ပေးရသဖြင့် သဒ္ဒါစည်းကမ်း လွတ်ခဲသော်လည်း နှုတ်ဖြင့် တိုက်ရိုက်ဆက်သွယ်ရသော speaking စကားပြောတွင်မူ စီစဉ်ချိန် နည်းပါးလေရာ အများအားဖြင့် သဒ္ဒါစည်းကမ်း မကျတတ်ပေ။

အနောက်တိုင်း အင်္ဂလိပ်စာပေတွင် Broking English ဟု ရှိ၏။ တိုက်ရိုက်အဓိပ္ပာယ်ပြန်သော် အင်္ဂလိပ် စကား အကျိုးအပျက်ဟု ဘာသာပြန်ရမည်ဖြစ်ပြီး သဒ္ဒါ စည်းကမ်းနှင့် မညီညွတ်ဘဲ စပ်ဟပ်၍ အဓိပ္ပာယ်ကောက်ယူရ သော စကားမျိုးပင်ဖြစ်သည်။ အင်္ဂလိပ်စကားကို ထမင်းစားရေ သောက် ပြောတတ်သူများနှင့် သဒ္ဒါစည်းကမ်းမလိုဘဲ တစ်ဖက် သားနားလည်လျှင်ပြီးရော သဘောမျိုးဖြင့် အရပ်သုံးစကားဖြင့် ပြောသည့်အခါ အသုံးများ၏။ လူမျိုးတိုင်း၏ ဘာသာစကား တိုင်းတွင်လည်း ထိုသဘောမျိုး ရှိသည်သာ။

မြန်မာနိုင်ငံတွင် ဗြိတိသျှတို့ အုပ်စိုးစဉ်အခါက ဖြစ်မည်။ အင်္ဂလိပ်စကား Yes (ယက်စ်) No (နိုး) စကားနှစ်

လုံးသာ ပြောတတ်သူ **တစ်ဦး**အား **အင်္ဂလိပ်**တရား**သူကြီး**က-'**မောင်မင်း** ဖော်ပြပါပြစ်မှုကို ကျူးလွန်ခဲ့တာ **မှန်**သလား' ဟု **မေး**သည်ကို (ယက်စ်) ဟု ပြောမိပြီး 'မောင်မင်း ယခု ပြစ်မှုနဲ့ပတ်သက်ပြီး ဘာပြင်းချင်သလဲ' ဟူသော **အ**မေးကို **လ**ည်း (နိုး) ဟု ဖြေမိသဖြင့် ပြစ်မှုမကျူးလွန်ပါဘဲ (ယက်စ်-နိုး) နှင့် ထောင်ကျသွားခဲ့ရသူလည်း ရှိခဲ့နိုင်၏။

အင်္ဂလိပ်စကား Go (သွားသည်) စာတစ်**လုံ**းတတ်ရုံ နှင့် နိုင်ငံ**ခြား**သား တစ်ဦးအား လိုရာသို့ **အော**င်ပြင်စွာ **လ**မ်းညွှန်နိုင်ခဲ့သော ဆိုက်ကားသမားတစ်ဦး **ရှိ**ခဲ့**ဖူ**းသည် ဆိုလျှင် ယုံကြည်ကြမလား မသိပေ။

ရှေတိုဂုံဘုရားကို သွားချင်သော နိုင်ငံ**ခြား**သား **တ**စ်ဦး**က** ဆိုက်ကားသမားအား ခရီးညွှန်ခိုင်းလာ**၏**။ **ဆိုက်ကား**သမားမှာ**လ**ည်း အင်္ဂလိပ်လိုဆိုလို့ Cat ကက် (ကြောင်)၊ Dog ဒေ့ (ခွေး)၊ Go ဂိုး (သွားသည်) ကလွဲ**၍** မရေးတတ် **မ**ပြော**တ**တ်ရာ အခက်ကြုံ**နေ**၏။ နောက်ဆုံ**း**တွင် ထိုခဏ**အ**တွင်**း** ခေါင်**း**ထဲ**ပေါ်**လာ**သော** **အ**ကြံ**ဖြ**င့် International Language **အ**င်တာနေရှင်နယ် လန်**း**ဂွေ့ဂ်ျ (ခြေ**ဟ**န် **လ**က်**ဟ**န်) **ကို** **အ**သုံ**း**ပြု**၍** **နိ**ုင်ငံ**ခြား**သား**အ**ား **လ**မ်**း**ညွှန်**နိ**ုင်ခဲ့**ပေ**၏။

ဆိုက်ကားသမားက အဖြောင့်သွားရမည့် အနောက်ဖက်လမ်းအတိုင်း လက်တန်းညွှန်၍ Go (ဂိုး) ဟု ဆိုလိုက်၏။ လမ်းဆုံရောက်လျှင် လက်ဝဲဖက်လမ်းကို ယူရန်အတွက် ဘယ်ဖက်လက်ကို မြှောက်၍ Go (ဂိုး) ဟု ဆိုလိုက်ပြန်၏။ တစ်ဖန် နောက်လမ်းဆုံရောက်သော် လက်ယာဖက်လမ်းကို လိုက်ရန် အတွက် လက်ယာဖက်ကိုမြှောက်၍ Go (ဂိုး) ဟု ဆိုကာ လိုရာသို့ ရောက်ပြီ အဓိပ္ပာယ်ဖြင့် (ရှေတိုဂုံ-ရှေတိုဂုံ) ဟု အဆုံးသတ်လိုက်၏။

နိုင်ငံခြားသားက သဘောပေါက်ပြီ အဓိပ္ပာယ်ဖြင့် ဆိုက်ကားသမားအား လက်ဆွဲနှုတ်ဆက်သည်အထိ သဘောကျသွားရှာ၏။ ပြုံးရယ်နှုတ်ဆက်ကာ ဆိုက်ကားသမား လမ်းညွှန်သည့်အတိုင်း ထွက်သွားလေ၏။ စင်စစ် ဆိုက်ကားသမားသည် အင်္ဂလိပ် စကား (Go ဂိုး) တစ်လုံးတည်းဖြင့် နိုင်ငံခြားသားအား ရှေတိုဂုံဘုရားသို့ ဆိုက်ဆိုက်မြှိုက်မြှိုက် ရောက်အောင် ပို့ဆောင် Guide လုပ်နိုင်ခဲ့ပေသည်တကား။

-----❑------

စီဝရံ ဘူမိ ဒရွတ် ဒရွတ်

ပါဠိစာပေလောကတွင် ပါဠိသဒ္ဒါနှင့် အဘိဓာန် အလင်္ကာဆန်းကို သင်ယူချပို့နေကြပါသော်လည်း ပါဠိစာပေ ရေးသား ပြောဆိုကျင့်မှာ လွန်စွာရှားလှ၏။ ထူးခြားသည့် ဆရာတော်ကြီး အချင်းချင်းနှင့် တိုက်တာတစ်ခုအတွင်း အချိန်ကန့်သတ်မှုပိုင်းလောက်တွင်သာ ထူးထူးခြားခြား ရှိတတ်ပေ၏။

တစ်ခါကစာသင်တိုက် ဆရာတော်တစ်ပါးသည် ပါဠိစာပေ အရေးအပြော ဝါသနာပါရကား စာဝါနားသည့် ဥပုသ်နေ့ တစ်နေ့ကို သတ်မှတ်၍ ကျောင်းတိုက်အတွင်း၌ ပါဠိစကားပြော သင်တန်း ဖွင့်ထားဖူး၏။ သင်တန်း စတင်သည့် အချိန်မှစ၍ ပြီးဆုံးချိန်အထိ ၃-နာရီအတွင်း ဟောပြောခြင်း၊ ဆွေးနွေးခြင်းများအပြင် တစ်ဦးနှင့်တစ်ဦး ခေါ်ပြောနှုတ်ဆက်သည်က အစ ပါဠိလို ပြောရ၏။ မေ့လျော့ ပြောမိသည်ဖြစ်စေ မြန်မာစကားလုံး ပြောမိသူအား ဒဏ်ချ၏။

ထိုဆရာတော်၏ စာသင်တိုက်မှ စာချစာသင် အရှင်မြတ်တို့သည် ပါဠိဘာသာကို စာမေးပွဲအောင်ရန်အတွက်

ကျက်မှတ် ရွတ်အံ့ရုံလောက်သာမကဘဲ ပိုမို စိတ်ဝင်စားလာခဲ့ကြသည့်အတွက် စာမေးပွဲကို ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်သူများ အများအပြား ပေါ်ထွန်းခဲ့ရာ ဆရာတော်၏ ကြိုးပမ်းမှု အောင်မြင်ခဲ့သည်ဟု ဆိုရပါမည်။ ဆရာတော်၏ တပည့်များသည် ပါဠိဘာသာစကားပြောကို ပြင်ပ သွားရင်းလာရင်းပင် ပါဠိလိုပြောကျင့် ပါသွားကြ၏။တစ်ခါတစ်ရံမူ Broking English ကဲ့သို့ပင် (ဒုန္ဒယပါဠိ) များလည်း ပါသွားကာ ရယ်မောကြရသည်လည်း ရှိလေ၏။

တစ်ခါသော် ဆရာတော်၏ ပါဠိစကားပြော သင်တန်းပြန် ကိုရင်ငယ်တစ်ပါးသည် ကိုယ်တော်ကြီးများနောက်မှ လိုက်ပါလာခဲ့၏။ ပါဠိဘာသာစကား တဖောင်ဖော်ဖြင့် ကျောင်းဆောင်များဆီသို့ ကြွသွားနေကြသော ရှေ့မှ ကိုယ်တော်ကြီးများအနက်မှ ကိုယ်တော်တစ်ပါး၏ အပေါ်သင်္ကန်းမှာ လျှောကျပြီး မြေကြီးတွင် ဒရွတ်ဆွဲနေ၏။

နောက်မှ ကိုရင်ငယ်သည် ထိုအခြင်းအရာကို မြင်လျှင် ရှေ့မှ ထိုဦးပဉ္စင်းအား အပေါ်ရုံသင်္ကန်း မြေကြီးတွင် ဒရွတ်တိုက် ဆွဲနေကြောင်း မြန်မာလို လှမ်းပြော သတိပေးမည် ပြုပြီးမှ သတိရကာ ပါဠိလို ပြောချင်သည့်အတွက် ပါဠိစကားလုံး စဉ်ကြည့်၏။

အရှင်ဘုရားက -ဘန္တေ၊ သက်နှိုးက -စီဝရဲ၊ မြေကြီးက- ဘူမိ။ (အရှင်ဘုရား, သက်နှိုးနှင့်မြေကြီး) တော့ရပြီ။ ဒရွတ်တိုက်နေသည်ဆိုသည့် ပါဠိစကားလုံးကိုမူ ကိုရင်ငယ်ကြံ၍မရ ဖြစ်နေ၏။ သိပ်စဉ်းစားနေပါကလည်း ထိုကိုယ်တော်တစ်နည်းနည်း သိရှိသွားပြီး သက်နှိုးပြင်ရုံလိုက်ပါက ပါဠိစကားမပြောလိုက်ရဘဲ ရှိတော့မည်။ ကိုရင်ငယ်သည် (ဒုန္ဒယပါဠိ) ဖြင့် ပါဠိလို ပြောထည့်လိုက်လေ၏။

"ဘန္တေ စီဝရဲ့ ဘူမိ ဒရွတ်-- ဒရွတ်"

(ဘန္တေ အရှင်ဘုရား၊ စီဝရဲ- သက်နှိုးသည်၊ ဘူမိ- မြေကြီး၌၊ ဒရွတ် ဒရွတ်- ဒရွတ် ဒရွတ်တိုက်နေပြီ။)

နောက်မှ ကိုရင်ငယ်၏ ပါဠိစကားကြားသော် ရှေ့မှ ကိုယ်တော်များသည် နောက်သို့လှည့်ကြည့်ကြ၍ ပြုံးရယ်ကြရင်း ကိုရင်ငယ်၏ မာဂဓဘာသာပါဠိစကား အဆန်းကို အသိအမှတ်ပြုလျက် အမှန်သို့ ပြင်ပေးလိုက်ကြလေသတည်း။

= = = =□= = = =

- ဗုဒ္ဓဝမ္မ ယဉ်ကျေးမှုရင်ခွင်မှာ နွေးထွေးမိစေဖို့
- ရိုးစင်းသန့်စင်သော ရိုးရာဒဿနအတွေးအမြင်ကို စေ့ငုခြေရာခံမိစေဖို့
- ပြုံးထေ့ရသမှ မြန်မာမှုဆင့်ပွားသုတများ ရင်မှာ စွဲပိုက်ပွားသစ်မိစေဖို့
- လူကြီးမိဘ ဆရာသမားတို့၏ ဂုဏ်ကျေးဇူးကို လေးစား ရိုကျိုးစေ၍ အမျိုးဘာသာ သာသနာ ချစ်ခင်စိတ် စွဲခိုင်စေဖို့

ဘုရားကျောင်းကန်ဝန်းကျင်မှ

ရွှေကျောင်းပျော် ဖောသရသမိုဒ္ဌာန်များ

တင်အောင်ထွန်း | သုတေသန |